# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၇)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ဖားဆောင်းမြို့နယ်တောင်ပိုင်း၊ မြောက်ပိုင်းရပ်ကွက်တွင် ကိုယ်ထူကိုယ်ထဖြင့် ရပ်ရွာမှ ဆောက်လုပ်ပေးထားသော မူကြိုကျောင်းများသည် ဟောင်းနွမ်းပျက်စီးခြင်း၊ အန္တရာယ်ဆောင်များအဖြစ် သတ်မှတ်ခံရခြင်း၊ ခြံစည်းရိုးများမရှိခြင်းဖြစ်နေပါသဖြင့် အမှန်တကယ်လိုအပ်သော မူကြိုကျောင်းနှင့် ကျောင်းခြံစည်းရိုးကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးအား ဆောချောင်းနှင့် ချုပ်ချောင်းတို့၏ ရေတိုက်စားမှုဘေးမှ ကာကွယ်ထားသည့် ကွန်ကရစ်မြေထိန်းနံရံ အရှည်(၂၅၇)ပေ အနက် အရှည်(၁၁၇)ပေ ရေတိုက်စားပါသွားရာ အမြန်ဆုံးပြန်လည်တည်ဆောက် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | နိုင်ငံအတွင်းရှိ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလိုဖြစ်ပေါ်တတ်သော ရေတိုက်စားမှုကြောင့် ကမ်းပြို၊ မြေပြိုမှုဖြစ်ပြီး ပြည်သူအများ ကြုံတွေ့နေရသော အခက်အခဲများပြေလည်နိုင်စေရေးနှင့် နိုင်ငံတော်အနေနှင့် တာဝန်ယူနေရသော ဝန်ထုပ်ဝန်ပိုးများ လျှော့ချပြေလည်နိုင်စေရန် အတွက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူများပြုလုပ်အသုံးပြုနေကြသော ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်းစနစ်ကို စနစ်တကျသုတေသနပြု လေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျင်းဒွေး၊ မှန်တောင်၊ လဲပုံ၊ မကြားအိမ်နူး၊ လုံအိမ်နူး၊ ငွန်းဖိုင်ကျေးရွာ အုပ်စုများအတွက် ဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်ချိတ်ဆက် အသုံးပြုနိုင်မယ့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် | ၁၇ |

အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

| | | |
|---|---|---|
| ၉ | နိုင်ငံပိုင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၏ အခြေအနေ၊ ဝန်ထမ်းများ၏ အခြေအနေ၊ ယင်းလုပ်ငန်းပိုင်ရေယာဉ်များနှင့် ဆိပ်ခံဘောတံတားများ၏ အခြေအနေတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေး ချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider)ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၈ |
| ၁၁ | ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးသည် ရာသီဥတုကြောင့်ဆွေးမြည့်ပျက်စီးနေပါသဖြင့် အမြန်ဆုံးအသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၃၆ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း | ၃၉ |
| ၁၃ | ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများလေ့ကျင့် သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက် ထည့်သွင်းပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ | ၄၀ |
| ၁၄ | ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၈ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၅-၂-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဖားဆောင်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းရပ်ကွက်တွင် ကိုယ်ထူကိုယ်ထဖြင့် ရပ်ရွာမှ ဆောက်လုပ်ပေးထားသော မူကြိုကျောင်းများသည် ဟောင်းနွမ်း ပျက်စီးခြင်း၊ အန္တရာယ်ဆောင်များအဖြစ် သတ်မှတ်ခံရခြင်း၊ ခြံစည်းရိုးများမရှိခြင်း ဖြစ်နေပါသဖြင့် အမှန်တကယ် လိုအပ်သော မူကြိုကျောင်းနှင့် ကျောင်းခြံစည်းရိုးကို အသစ်ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးအား ဆောချောင်းနှင့် ချုပ်ချောင်း တို့၏ ရေတိုက်စားမှုဘေးမှ ကာကွယ်ထားသည့် ကွန်ကရစ်မြေထိန်းနံရံ**

**အရှည်(၂၅၇) ပေအနက် အရှည်(၁၁၇) ပေ ရေတိုက်စားပါသွားရာ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံအတွင်းရှိ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလိုဖြစ်ပေါ်တတ်သော ရေတိုက်စားမှုကြောင့် ကမ်းပြို၊ မြေပြိုမှုဖြစ်ပြီး ပြည်သူအများကြုံတွေ့နေရသော အခက်အခဲများပြေလည်နိုင်စေရေးနှင့် နိုင်ငံတော်အနေနှင့် တာဝန်ယူနေရသော ဝန်ထုပ်ဝန်ပိုးများ လျှော့ချပြေလည်နိုင်စေရန်အတွက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူများ ပြုလုပ်အသုံးပြုနေကြသော ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်းစနစ်ကို စနစ်တကျသုတေသနပြု လေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကန်ပက်လက်မြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သော ကျင်းဒွေး၊ မုန်တောင်၊ လဲပုံ၊ မကြားအိမ်နူး၊ လုံအိမ်နူး၊ ငွန်းဇိုင်အုပ်စုများအတွက် ဖုန်းဆက်သွယ်ရေး နှင့် အင်တာနက် ကွန်ရက်ချိတ်ဆက်အသုံးပြုနိုင်မည့် ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **နိုင်ငံပိုင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း၏ အခြေအနေ၊ ဝန်ထမ်းများ၏အခြေအနေ၊ ယင်းလုပ်ငန်းပိုင်ရေယာဉ်များနှင့် ဆိပ်ခံဘောတံတားများ၏ အခြေအနေတို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာဆက်သွယ်ရေးရုံးသည် ရာသီဥတုကြောင့် ဆွေးမြည့်ပျက်စီးနေပါသဖြင့် အမြန်ဆုံး အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **“မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က တင်သွင်းသည့် **“အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ခ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဃ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(င) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(စ) ဒေါ်နီနီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၊

(ဆ) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

(ဇ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၀ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၃ ရက်၊

(၂) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၄ ရက်၊

(၃) မတ္တရာမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၅ ရက်၊

(၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ခွင့် ၁ ရက်၊

(၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၈) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၉) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၁၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၅ ရက်၊

(၁၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၁၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၁၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၁၅) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၁ ရက်၊

(၁၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၁၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၁၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၂၀) ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၂၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၂၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၂၃) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၅ ရက်၊

(၂၄) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၂၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၂၇) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၂၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း ခွင့် ၁ ရက်၊

(၂၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်နှင့်

(၃၀) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဖားဆောင်းမြို့နယ်တောင်ပိုင်း၊ မြောက်ပိုင်းရပ်ကွက်တွင် ကိုယ်ထူကိုယ်ထဖြင့် ရပ်ရွာမှ ဆောက်လုပ်ပေးထားသော မူကြိုကျောင်းများသည် ဟောင်းနွမ်းပျက်စီးခြင်း၊ အန္တရာယ်ဆောင်များအဖြစ် သတ်မှတ်ခံရခြင်း၊ ခြံစည်းရိုးများမရှိခြင်းဖြစ်နေပါသဖြင့် အမှန်တကယ်လိုအပ်သော မူကြိုကျောင်းနှင့် ကျောင်းခြံစည်းရိုးကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်ဖြင့် ကျွန်မမဲဆန္ဒနယ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးခွန်းတစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမဲဆန္ဒနယ် ဖားဆောင်းမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု၍ ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းကို ၁၉၈၅-၁၉၈၆ ဘဏ္ဍာရေးနှစ်တွင် ဝ.၁၄၉ မြေဧကအကျယ်ရှိ မြောက်ပိုင်းရပ်ကွက်တွင် ဆောက်လုပ်ခဲ့ပါတယ်။ ဖားဆောင်းမြို့နယ် ပြည်သူ့ကောင်စီလက်ထက်တွင် ကလေးသူငယ်များ၏အသိဉာဏ်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မိဘများဖြင့် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းပြီး စေတနာရှင်များ လှူဒါန်းမှုဖြင့် ပျဉ်ခင်း၊ ပျဉ်ကာ၊ ဖက်မိုးတစ်ထပ်မူကြိုကျောင်းကို ကျောင်းသားဦးရေ ၅ဝ ကျော်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မြောက်ပိုင်းမူကြိုကျောင်းအဖြစ်လည်း ခေါ်ဆိုကြပါတယ်။ ၁၉၉၉ ခုနှစ်မှာဆိုရင် သွပ်အလှူရှင်မှ သွပ်လှူဒါန်းသဖြင့် သွပ်မိုးအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့သော်လည်း ယခုထိနှစ်ပေါင်း ၃ဝ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ကျောင်းဆောင်များဟာဆိုရင် ဟောင်းနွမ်းပျက်စီးပြီး အခင်းအကာအချို့ဟာ ပျက်စီးယိုယွင်း၍ အန္တရာယ်အဖြစ် မြင်တွေ့နေရပါတယ်။ မူလတန်းကြိုကျောင်းကို လွိုင်ကော်-မော်ချီး-တောင်ငူ ပြည်ထောင်စုလမ်းမဘေးမှာ တည်ရှိပြီး ကျောင်းခြံစည်းရိုးများမရှိခြင်းကြောင့် ကလေးများအတွက် အလွန်အန္တရာယ်များသဖြင့် ကျောင်းသားမိဘများက မိမိတို့ကလေးများကို မူကြိုကျောင်းတွင် လာရောက်ထားပေမဲ့လည်း စိုးရိမ်ကြောင့်ကြဖြစ်နေရပါတယ်။ ဖားဆောင်းမြို့မှာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းကို လာရောက်ထားတဲ့ကလေးများဟာဆိုရင် အစိုးရဝန်ထမ်းသားသမီးများနှင့် တောင်သူ၊ လက်လုပ်လက်စားသားသမီးများ အများဆုံးဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါက မြောင်ပိုင်းရပ်ကွက် မူလတန်းကြို ကျောင်းပါ။ ကျောင်းရဲ့အပြင်ဘက် ပျက်စီးယိုယွင်းနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါတွေလည်း ကျောင်းရဲ့ အပြင်ဘက်ပျက်စီးယိုယွင်းနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါက အတွင်းဘက်ပျက်စီးနေတဲ့ပုံတွေ ဖြစ်ပါ တယ်။ ဒါလည်း အတွင်းဘက်ပျက်စီးယိုယွင်းနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါက ကျောင်းသားလေးတွေ၊ မူကြိုကျောင်းကလေးတွေပါပဲ။ ဒါက တောင်ပိုင်းရပ်ကွက်မှာရှိတဲ့ မူကြိုကျောင်းဖြစ်ပါတယ်။ ဒါက ကျောင်းသားဦးရေ ၅၀ ကျော်ပြီးမှ ကျောင်းနှင့် ကျောင်းသားဦးရေ မညီမျှပုံတွေ ဖြစ်ပါတယ်။ ဒါက လည်း ကျောင်းသား ၅၀ ကျော်ရှိတဲ့ ကျောင်းဖြစ်ပါတယ်။ ဒါက တောင်ပိုင်းမူကြိုကျောင်းမှာရှိတဲ့ ကျောင်းသားဦးရေတွေပါ။ ဒါက အာဟာရတိုက်ကျွေးတဲ့ပုံတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တောင်ပိုင်းမူကြိုကျောင်းတွင်လည်း ကျောင်းသားဦးရေ ၅၀ ကျော်ရှိနေပြီး ယခု ပုံတွင်မြင်ရတဲ့အတိုင်း ကျောင်းဆောင်နှင့်ကျောင်းသားဦးရေက မကိုက်ညီသောကြောင့် များစွာ အခက်အခဲကြုံတွေ့နေရပါတယ်။ မူကြိုကျောင်းနှစ်ကျောင်းမှာရှိတဲ့ ဆရာမများကို ကလေးမိဘများ ထည့်ဝင်တဲ့ လစဉ်ကြေးဖြင့်သာ အနည်းငယ်ထောက်ပံ့နိုင်ပါတယ်။ ၁၉၉၅ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ခြင်းများ ကို Power Point မှာပြထားတဲ့အတိုင်း တွေ့မြင်နိုင်ပါတယ်။ ကလေးများအတွက် လိုအပ်သော ဆရာမ ထောက်ပံ့ငွေများ၊ ကစားကွင်းနှင့် သင်ထောက်ကူပစ္စည်းများကို နိုင်ငံတော်၏ဘဏ္ဍာရေးနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မူကြိုကျောင်းနှစ်ကျောင်းကို ပေါင်းပြီး တစ်ကျောင်းတည်း တည်ဆောက် ပေးဖို့လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ တောင်ပိုင်းမူလတန်းကြိုကျောင်းနှင့် မြောက်ပိုင်းမူလတန်းကြို ကျောင်းရှိကလေးများအတွက် သပ်ရပ်ပြီး လုံခြုံမှုရှိတဲ့ စံကိုက်မူကြိုကျောင်းဆောင်ကို ဆောက်လုပ် ပေးပြီး လူမှုဝန်ထမ်းဦးစီးဌာန၏စီမံခန့်ခွဲမှု နေ့ကလေးထိန်းကျောင်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံမဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူရဲ့ ဖားဆောင်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းရပ်ကွက်ရှိ နှစ်ပေါင်းများစွာကတည်းက ကိုယ်ထူကိုယ်ထဖြင့် ရပ်ရွာမှဆောက်လုပ်ပေးထားသော မူကြိုကျောင်းများသည် ဟောင်းနွမ်းပျက်စီးခြင်း၊ အန္တရာယ်ဆောင်များအဖြစ် သတ်မှတ်ခံရခြင်းများ၊ ခြံစည်းရိုးများ မရှိခြင်း၊ ပျက်စီးနေခြင်းများကြောင့် ဖားဆောင်းမြို့နယ်အတွက် အမှန်တကယ်လိုအပ်နေသောမူကြိုကျောင်းနှင့် ကျောင်းခြံစည်းရိုးကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ မူကြိုအရွယ်ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ရပ်ရွာမှတည်ထောင်ထားသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို ထောက်ပံ့ကြေးများပေးခြင်း၊ မူလတန်းကြိုကျောင်းများမရှိသောဒေသများတွင် ကလေးနှင့် ကလေးမိခင်များအားစုစည်း၍ မိခင်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက လက်ရှိမူလတန်းကြိုကျောင်း ၁၂၄ ကျောင်းဖွင့်လှစ်ထားရှိပြီး ကလေးဦးရေ ၇၈၇၀ ဦးကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ECCD နည်းလမ်းများနှင့်အညီ ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဦးစီးဌာနတည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ရပ်ရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၀၂၅ ကျောင်းရှိ တာဝန်ခံနှင့် စာသင်ဆရာမများ လစာငွေဖြင့် တစ်ကျောင်းကို တစ်နှစ်လျှင် ကျပ်ခြောက်သိန်း၊ သင်ထောက်ကူပစ္စည်းဝယ်ယူရန်အတွက် တစ်နှစ်လျှင် ကျပ်တစ်သိန်း စုစုပေါင်းခုနစ်သိန်းဖြင့် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါတယ်။

မူကြမ်း

ကယားပြည်နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့မူလတန်းကြိုကျောင်းနှစ်ကျောင်း နှင့် ဖားဆောင်းမြို့နယ်မှ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းနှစ်ကျောင်းအပါအဝင် ကိုယ့်အား ကိုယ်ကိုးမူလတန်းကြိုကျောင်းပေါင်း ၄၂ ကျောင်းရှိပြီး ဦးစီးဌာနမှ အဆိုပါကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ အခုဘဏ္ဍာရေးနှစ်အတွင်းမှာ စုစုပေါင်း ကျပ် ၂၉.၄ သန်းကိုလည်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်တစ်မြို့နယ်မှာ အနည်းဆုံးစံပြမူလတန်းကြိုကျောင်း တစ်ကျောင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသော်လည်း နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည် ဆောင်ရွက်ရတဲ့အတွက် အရေအတွက်အားဖြင့် များစွာတိုးချဲ့နိုင်ခြင်းမရှိသေးပါ။ မူလတန်းကြို ကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် နှစ်စဉ်စီမံကိန်းများတွင် လျာထားတောင်းခံခြင်း၊ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို ဦးစီးဌာနပိုင် အဖြစ် လွှဲပြောင်းလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အထူးအားဖြင့် မြို့ပေါ်ရှိ ကိုယ့်အား ကိုယ်ကိုးမူလတန်းကြိုကျောင်းများကို သတ်မှတ်ချက်နှင့်ပြည့်စုံပါက လွှဲပြောင်းလက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ တည်ဆောက်ခြင်း၊ အဆောက်အဦပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုတော့ လူမှုဝန်ထမ်းဦးစီးဌာနရန်ပုံငွေမှ ကျခံ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဘဲ လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်တဲ့ အစိုးရမူလတန်းကြိုကျောင်း များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက်သာ လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်ရန်ပုံငွေ မှ ကျခံဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ခံနှင့် စာသင်ဆရာမများရဲ့ လစာငွေနှင့် ကျောင်းပြင်ဆင်စရိတ်များကို သင့်တော်သောနှုန်းထားဖြင့် သတ်မှတ်၍ ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ တောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ယခု ဖားဆောင်းမြို့နယ်ရှိ ဖားဆောင်းမြို့မှ ကိုယ့်အားကိုယ်ကိုးမူလတန်းကြို ကျောင်းကို ကျွန်တော်တို့ဌာနပိုင်မူလတန်းကြိုကျောင်းအဖြစ် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက်ကို ဖားဆောင်းမြို့မှ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက ကယား ပြည်နယ်လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ချက်များနှင့် ပြည့်စုံအောင်စီစဉ်ပြီးတော့မှ လွှဲပြောင်းလက်ခံပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ ရန်ပုံငွေတောင်းခံပြီး ရန်ပုံငွေရရှိပါက အသစ်ပြန်လည်တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့စပ်လျဉ်း၍ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊

ဖားဆောင်းမြို့နယ် မြို့မကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းကို လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းလက်ခံရယူပြီး လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အစိုးရဌာနပိုင်စံပြမူလတန်းကြိုကျောင်းအဖြစ် ရန်ပုံငွေတောင်းခံ၍ အသစ်ပြန်လည်တည်ဆောက် ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးအား ဆောချောင်းနှင့် ချပ်ချောင်းတို့၏ ရေတိုက်စားမှုဘေးမှ ကာကွယ်ထားသည့် ကွန်ကရစ်မြေထိန်းနံရံ အရှည်(၂၅၇)ပေ အနက် အရှည်(၁၁၇)ပေ ရေတိုက်စားပါသွားရာ အမြန်ဆုံးပြန်လည်တည်ဆောက် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးမှာ ဆောချောင်းနှင့် ချပ်ချောင်းတို့ရဲ့ ရေတိုက်စားမှုဘေးမှ ကာကွယ်ထားတဲ့ ကွန်ကရစ်မြေထိန်းနံရံ ၂၅၇ ပေအနက် အရှည် ၁၁၇ ပေ ရေတိုက်စားပါသွားရာ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဆောမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးသည် ဆောမြို့၊ သီရိရပ်ကွက်မှာရှိပြီးတော့ ရုံးရဲ့အနောက်ဘက်မှာကပ်လျက် မြို့နယ်လျှပ်စစ်မှူးရုံး ရေစီးကြောင်းရဲ့အောက်ဘက်မှာ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းအိမ်ရာ၊ မြို့နယ်ပညာရေးမှူးရုံး၊ ဝင်းသူဇာအဆောက်အဦနှင့် စစ်မှုထမ်းဟောင်းများရုံး၊ လူနေအိမ်တွေ များစွာတည်ရှိနေတာဖြစ်ပါတယ်။ မူလက ဆောချောင်း ရေစီးဆင်းမှုဟာ ရုံးနဲ့ပေ ၆၀၀ ခန့်အကွာမှာ စီးဆင်းနေတာကြောင့် အန္တရာယ်ကင်းရန်ဆိုပြီးတော့ မြေထိန်းကွန်ကရစ်နံရံ အရှည် ၂၅၇ ပေ တည်ဆောက်ထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့မိုးရာသီ မိုးကြီးရွာသွန်းခြင်းကြောင့် ရုတ်တရက်ရေစီးကြောင်းများပြောင်း၊ ဆောချောင်းနှင့်ချပ်ချောင်းတို့ရှိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးအား ရေတိုက်စားမှုဘေးမှ ကာကွယ် တည်ဆောက်ထားတဲ့ ကွန်ကရစ်မြေထိန်းနံရံ ၂၅၇ ပေကို ရေတိုက်စားရာ အရှည်ပေ ၁၁၇ ပေ ပြိုကျ

သွားပါတယ်။ အနီးအနားမှာရှိတဲ့ နိုင်ငံတော်အစိုးရရုံးများ၊ ဝန်ထမ်းအိမ်ရာများနှင့် လူနေအိမ်ရာများလည်း လွန်စွာစိုးရိမ်နေရပြီဖြစ်ပါတယ်။ ဓာတ်ပုံများ ပူးတွဲတင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ရေတိုက်စားပြီး ပြိုကျပျက်စီးသွားတဲ့ အရှည် ၁၁၇ ပေအား လာမယ့်မိုးရာသီမတိုင်မီ ရေရှည်ခိုင်ခံ့တောင့်တင်းသော ရေကာနံရံတစ်ခု အမြန်ဆုံးတည်ဆောက်ပေးစေလိုပါတယ်။ မည်သည့်အချိန်မှာ တည်ဆောက်ပေးမယ်ကို သိလိုပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ဆောမြို့နယ်ရုံး၊ ချုပ်ချောင်းနဲ့ဆောချောင်း ရေတိုက်စားမှုကြောင့် မြေထိန်းနံရံတည်ဆောက်ဖို့အတွက် ဦးစီးဌာနကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ်ရန်ပုံငွေက ကျပ်သိန်း ၆၀ အသုံးပြုခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်းပဲ သာမန်အသုံးစရိတ်ရန်ပုံငွေမှ ကျပ်သိန်း ၅၀ အသုံးပြုပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မြေထိန်းနံရံ စုစုပေါင်း ကွန်ကရစ်မြေထိန်းနံရံ ၂၅၇ ပေ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သို့ရာတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းမှာ မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေထပ်မံတိုက်စားခဲ့ပြီးတော့မှ မြေထိန်းနံရံ ၁၁၇ ပေပြိုကျသွားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ ဌာနကအတွင်းဝန်ကိုယ်တိုင် ဆောမြို့နယ်ရုံးကို သွားရောက်စစ်ဆေးပြီးတော့မှ ဒေသမှာရှိတဲ့ အစိုးရအဖွဲ့များနဲ့ညှိနှိုင်းခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်အရ မကွေးတိုင်းဒေသကြီး၊

ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေမှ ကျွန်တော်တို့ အဆိုပါကိစ္စနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ပြီးတော့ ချောင်းရေတိုက်စားတဲ့ မြေထိန်းနံရံကို ကျွန်တော်တို့ ပြုပြင်ရန်အတွက် တောင်းခံတင်ပြသွားမယ်လို့ ညှိနှိုင်းရရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်မှာဖြစ်တဲ့အတွက် မိမိဌာနအနေနဲ့ကတော့ လောလောဆယ် ကျွန်တော်တို့ ပြန်လည်ပြုပြင်ပေးဖို့ အစီအစဉ်မရှိပါကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**နိုင်ငံအတွင်းရှိ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလိုဖြစ်ပေါ်တတ်သော ရေတိုက်စားမှုကြောင့် ကမ်းပြိုမြေပြိုမှုဖြစ်ပြီး ပြည်သူအများကြုံတွေ့နေရသော အခက်အခဲများပြေလည်နိုင်စေရေးနှင့် နိုင်ငံတော်အနေနှင့် တာဝန်ယူနေရသော ဝန်ထုပ်ဝန်ပိုးများ လျှော့ချပြေလည်နိုင်စေရန်အတွက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူများပြုလုပ်အသုံးပြုနေကြသော ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်းစနစ်ကို စနစ်တကျသုတေသနပြုလေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းတစ်လျှောက်ကမ်းဘေးတွေမှာ ရေတိုက်စားလို့ စိုက်ပျိုးလယ်မြေတွေ၊ ယာမြေတွေနှင့် နေအိမ်တွေ၊ ကျေးရွာတွေကမ်းပြိုပြီး ပျက်စီးဆုံးရှုံးမှုတွေ နှစ်စဉ်လိုလိုတွေ့နေရပါတယ်။ လွှတ်တော်အသီးသီးမှာလည်းပဲ မြစ်ကမ်းထိန်းနံရံတွေ တည်ဆောက်ပေးဖို့ ကိုယ်စားလှယ်များက မိမိဒေသအခက်အခဲများပြေလည်စေဖို့ နိုင်ငံတော်အစိုးရထံ တင်ပြတောင်းဆိုပေးနေကြတာတွေ ရှိပါတယ်။ နိုင်ငံတော်အနေနဲ့

လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဖြစ်ပျက်နေတဲ့ ကမ်းပြိုရေတိုက်စားမှုတွေအတွက် အရေးကြီးမှု အနေအထားအပေါ်မူတည်ပြီး နိုင်ငံတော်ဘဏ္ဍာငွေက ကျခံသုံးစွဲပေးနေရတဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကုန်အကျခံရမည့်ဘဏ္ဍာငွေတွေကို သဘာဝဘေးကြောင့်နှစ်စဉ်ပျက်စီးနေမှုအတွက် သုံးစွဲနေရတာ သက်သာစေဖို့အတွက် ရေတိုက်စားလို့ကမ်းပြိုတာတွေ၊ ကြိုတင်ကာကွယ်နိုင်ဖို့ ပြည်သူအများဆုံးရှုံးနစ်နာမှု သက်သာစေဖို့နဲ့ ရည်ရွယ်ပြီးတော့ ဝါးကျဲနံရံများနှင့် မြစ်ချောင်းနှင့် ရေကြောင်းထိန်းသိမ်းပေးခြင်းလုပ်ငန်းကို သုတေသနပြုလေ့လာမှုနှင့်အတူ ပညာပေးခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်းများနှင့် ပြည်သူများနှင့်နိုင်ငံတော်အတွက် အထောက်အကူပြုစေနိုင်ဖို့ ရည်ရွယ်ပြီးတော့ မေးမြန်းတာဖြစ်ပါတယ်။

၁-၁၁-၂၀၁၀၈ ရက်နေ့ Facebook ကနေပြီးတော့ ထိန်းသိမ်းရေးအင်ဂျင်နီယာ ဦးသိန်းမော်ရေးတင်ထားတဲ့ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကနေပြီးတော့ ပြည်သူအများကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ကုန်ကျစရိတ်နည်းပါးပြီး နိုင်ငံ၌ လွယ်လွယ်ကူကူပေါများပြီး ရရှိနိုင်တဲ့ ဝါးနှင့်ပြုလုပ်တဲ့ ကမ်းထိန်း၊ မြေထိန်းစနစ်၊ ဝါးလုံးကွက်ကျားအတွင်းကနေ ရေစီးစေပြီးတော့ ရေစီးကိုနှေးစေဖို့၊ ရေလမ်းကြောင်းလွှဲပြောင်းပေးနိုင်မှုနှင့်အတူ ရေစီးနှင့်အတူပါလာတဲ့ နုန်း၊ ကျောက်တွေကို အနည်ထိုင်စေဖို့ ရေတိုက်စားတဲ့နေရာမှာ ပြန်ပြည့်စေဖို့စနစ်ကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ရည်ရွယ်ပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ အများအားဖြင့် မြစ်ချောင်းအကွေ့နှင့် ရေဦးရေထိုးတဲ့ ရေဦးတိုက်တဲ့နေရာတွေမှာ ဖြစ်ပေါ်တာတွေ့ရပြီးတော့ အင်ဂျင်နီယာတွေက Hjulstrom မျဉ်းကွေးဇယားနှင့် တွက်ချက်ဖော်ပြကြပါတယ်။ ဥပမာအနေနဲ့ ရေစီးနှုန်းတစ်မိနစ်ကို ပေ ၁၀၀ အထက်မှာရှိမယ်ဆိုရင် ၁.၅ မီလီမီတာရှိတဲ့ သဲနုန်းနှင့်ရေတိုက်စားခံရမှုဖြစ်လို့ သဲနုန်းတွေရေစီးနှင့်အတူ ဆက်မမျောနိုင်အောင် သဲနုန်းတစ်မိနစ်ကို ၁၆ ပေအောက် လျှော့နိုင်မယ်ဆိုလို့ရှိရင် တစ်မိနစ် နှစ်ပေအောက် လျှော့ချနိုင်ရင် ရေစီးနှင့်ပါလာတဲ့ ကျောက်၊ သဲ၊ ခဲနှင့်နုန်းတွေ ရပ်တန့်စေပြီးတော့ အနည်ထိုင်စေတယ်လို့ သိရပါတယ်။ ဒီဝါးကျဲနံရံလုပ်ငန်းမှာ ဝါးတွေကို နှစ်ပေ၊ သုံးပေ စတုရန်းကွက်ဖွဲ့ပြီးတော့ အမြင့်ကိုတော့ ရေအတက်ဆုံးအချိန်မှာ ရေအမြင့်ထိရောက်အောင် တွက်ချက်ဆောင်ရွက်ရမှာဖြစ်ကြောင်းနှင့် ရေစီးရေလာကိုမထိခိုက်လို့ ရေနေသတ္တဝါတွေအတွက်လည်းပဲ ပြဿနာမရှိကြောင်း သိရှိရပါတယ်။ လိုအပ်ရင်လည်းပဲ ရေစီးနှုန်းကို ၅၀ ရာခိုင်နှုန်းအောက်ကို လျှော့ချနိုင်မယ်ဆိုလို့ရှိရင် ဝါးကွက်ပိုမိုစိပ်အောင် ပြုလုပ်လို့ပေးရမှာဖြစ်ပြီးတော့ အရမ်းစိပ်လွန်းတာမဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ရေတက်နေတဲ့အချိန်မှာ ရေယာဉ်တွေအတွက် အန္တရာယ်မဖြစ်ဖို့ အမှတ်အသားလုပ်ပေးဖို့လည်း လိုမှာ

မူကြမ်း

ဖြစ်ပါတယ်။ ဝါးဆိုတာတစ်နိုင်ငံလုံးမှာ လွယ်လွယ်ကူကူရနိုင်လို့ စနစ်တကျတွက်ချက်လေ့လာ ဆန်းစစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးချပြနိုင်မယ်ဆိုရင် နိုင်ငံနှင့်ပြည်သူအတွက် အများကြီး အကျိုးဆက်ရှိမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ ဝါးကျဲနံရံ တည်ဆောက်နေကြတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကလည်းပဲ ဝါးကျဲနံရံတွေ မြစ်ကမ်းဘေးမှာဆောက်နေတဲ့ ပုံဖြစ်ပါတယ်။ ဒါကလည်းပဲ ဝါးကျဲနံရံတွေ တည်ဆောက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ရေတိုက် စားမှုတွေ ပြန်လည်ပို့တဲ့ နည်းစနစ်အရ ဖြစ်ပေါ်တဲ့သဘာဝကို တွက်ချက်ပြတဲ့ပုံစံ ဖြစ်ပါတယ်။ ဒါက လည်းပဲ ရေစီးနှုန်းတွေနှင့်သဲနုန်းတွေကျတဲ့အနေအထားကို တွက်ချက်ထားတဲ့ပုံစံလေးဖြစ်ပါတယ်။ ဒါကလည်းပဲ Hjulstrom မျဉ်းကွေးဇယားရဲ့ သဘောသဘာဝကို တွက်ချက်ပြထားတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာက နိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလို ဖြစ်ပေါ်တတ်တဲ့ ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု၊ မြေပြိုမှုဖြစ်လို့ ပြည်သူအများကြုံတွေ့နေရသတဲ့ အခက်အခဲများနှင့် နိုင်ငံတော်အနေနဲ့ တာဝန်ယူနေရတဲ့ ဝန်ထုပ်ဝန်ပိုးများ လျှော့ချပြေလည်နိုင်စေဖို့ အတွက် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ပြည်သူများအသုံးပြုလျက်ရှိနေတဲ့ ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်း စနစ်ကို စနစ်တကျသုတေသနပြု လေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဖိတ်ကြားထားသူများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ နိုင်ငံအတွင်းရှိ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလို ဖြစ်ပေါ်တတ်သော ရေတိုက်စားမှုကြောင့် ကမ်းပြို၊ မြေပြိုမှုဖြစ်ပြီး ပြည်သူအများကြုံတွေ့နေရသော အခက်အခဲများ ပြေလည်နိုင်စေရေးနှင့် နိုင်ငံတော်အနေနဲ့ တာဝန်ယူနေရသော ဝန်ထုပ်ဝန်ပိုးများ

လျှော့ချပြေလည်နိုင်စေရန်အတွက် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ပြည်သူများပြုလုပ်အသုံးပြုနေကြသော ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်းစနစ်ကို စနစ်တကျသုတေသနပြုလေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း အပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးသာဦးက ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်ကို ပြည့်စုံစွာဖြေကြားပေးနိုင်ရန်အတွက် အချိန်ပိုအနည်းငယ်ခွင့်ပြုပေးနိုင်ပါရန် ကြိုတင်တင်ပြအပ် ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်း မြစ်ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း များကို သွယ်ဝိုက်ကာကွယ်ခြင်းစနစ်(Indirect Protection Method) နှင့် တိုက်ရိုက်ကာကွယ်ခြင်း စနစ်(Direct Protection Method)ဟူ၍ နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

သွယ်ဝိုက်ကာကွယ်မှုစနစ်သည် ကမ်းပြိုမှုများဖြစ်ပွားနေသော ကမ်းပါးတွင်တိုက်ရိုက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကမ်းပြိုမှုဖြစ်ပွားရာနေရာတစ်လျှောက် တိုက်ရိုက်စီးဆင်းနေသော ရေလမ်း ကြောင်းကို ကမ်းမှဝေးကွာသွားစေရန် ရေလွှဲရေကာများတည်ဆောက်စေပြီး ရေအရှိန်ကို ဟန့်တား စေကာအနည်အနှစ်များကို ဖမ်းယူစေခြင်းဖြင့် သောင်များကို ပြန်လည်ဖြစ်ထွန်းစေသောနည်းစနစ် ဖြစ်ပါတယ်။ တိုက်ရိုက်ကာကွယ်မှုနည်းလမ်းသည် ရေတိုက်စားခံရသည့် ကမ်းပါးတစ်လျှောက်တွင် ကမ်းထိန်းနံရံများ၊ ကမ်းထိန်းတမံများ၊ မြေထိန်းနံရံများ တည်ဆောက်၍ ကာကွယ်ပေးခြင်းဖြစ်ပါ တယ်။ ထိုသို့ တိုက်ရိုက်ကာကွယ်မှုများ ဆောင်ရွက်ရာတွင်လည်း ရေလမ်းအခြေအနေ၊ ကမ်းပါး အခြေအနေ၊ မြေသားအခြေအနေများအပေါ်မူတည်ပြီးတော့ အခိုင်အမာကာကွယ်နည်း(Hard Technique) နှင့် ယာယီကာကွယ်နည်း(Soft Technique)များ အသုံးပြု၍ ကာကွယ်ဆောင်ရွက် လျက်ရှိပါတယ်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်သည့်လုပ်ငန်းဒီဇိုင်းပေါ်မူတည်ပြီး အကျိုးသက်ရောက်မှုအနေဖြင့် အားသာချက်နှင့် အားနည်းချက်များ ယှဉ်တွဲ၍ တွေ့ရှိရလေ့ရှိပါတယ်။ အခိုင်အမာကာကွယ်နည်းဖြင့် ဆောင်ရွက်မည် ဆိုပါက အားသာချက်အနေဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်း၊ သာယာလှပမှုကို

ဖော်ဆောင်နိုင်ခြင်းစသည်တို့ ရရှိနိုင်သော်လည်း အားနည်းချက်အနေဖြင့် ကနဦးလုပ်ငန်း ကုန်ကျစရိတ်မြင့်မားခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်ခြင်းစသည်တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ယာယီကာကွယ်နည်းများ အသုံးပြု၍ ဆောင်ရွက်မည်ဆိုပါက အားသာချက်များအနေဖြင့် ကနဦးလုပ်ငန်းကုန်ကျစရိတ်နည်းပါးခြင်း၊ ဒေသထွက်ပစ္စည်းများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင်ဖော်ဆောင်နိုင်ခြင်း၊ ကမ်းပြိုမှုဖြစ်ပေါ်ခဲ့သောနေရာအား သဘာဝအတိုင်း သဲနုန်းပြန်လည်ပို့ချမှုကောင်းမွန်စေခြင်း၊ ဝါးများကိုစနစ်တကျစုစည်းတည်ဆောက်နိုင်ပါက ရေလွှဲရေကာများကဲ့သို့ အကျိုးသက်ရောက်မှုရရှိအောင်ဆောင်ရွက်နိုင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးခြင်း စသည်တို့ကိုရရှိနိုင်သော်လည်းပဲ အားနည်းချက်များအနေနဲ့ ရေရှည်ခိုင်ခံမှုအားနည်းခြင်း၊ ရေနက်ကြောင်းကပ်၍ စီးဆင်းမှုရှိသောနေရာများတွင် ဆောင်ရွက်ရန်ခက်ခဲခြင်း၊ မြို့ရွာကမ်းပါးများ သာယာလှပရေးရှုထောင့်မှကြည့်လျှင်ခန့်ငြားနိုင်မှုအားနည်းခြင်း၊ ရေနက်ပိုင်းများတွင် တည်ဆောက်ရန်အတွက် အကန့်အသတ်များရှိခြင်း၊ ကမ်းပြိုမှုဖြစ်ပွားသည့်နေရာတိုင်းတွင် ဆောင်ရွက်၍မရနိုင်ခြင်း၊ စောင့်ကြည့်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုများပြားနိုင်ခြင်းစသည်တို့ကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြောင်းများတစ်လျှောက် ကမ်းပြိုမှုအများစုဟာ ရေဦးထိုးစီးဆင်းမှုကြောင့်လည်းကောင်း၊ မြေအောင်းရေစိမ့်ထွက်မှုမှတစ်ဆင့် ကမ်းပါးမြေလွှာလျော့ကျခြင်း၊ ကမ်းရင်းရေနက်စီးကြောင်းကြောင့် ကမ်းပါးအိကျခြင်းဖြစ်စဉ်များကြောင့် ဈေးနှုန်းသက်သာသည့် ဝါးကဲ့သို့သော ပစ္စည်းများဖြင့် ရေရှည်ထိန်းကြောင်းရန် ဖြစ်နိုင်ခြေအလွန်နည်းပါးပါသည်။ ယင်းသို့သော နေရာမျိုးတွင် တောင့်တင်းခိုင်မာသည့် ကမ်းထိန်းဒီဇိုင်းများဖြစ်သာ ထိန်းကျောင်းပေးနိုင်မည်ဖြစ်ပါတယ်။

သို့ရာတွင် အချို့သောအခြေအနေများ ဥပမာအားဖြင့် ရေလှိုင်းပုတ်ဒဏ်ကြောင့် ကမ်းစားသည့်ဖြစ်စဉ်များ၊ ရေကြောင်းကျယ်၍ ရေစီးနှေးသည့်နေရာများတွင် ကမ်းပါးတိုက်စားမှုဖြေလျှော့ရန်နှင့် သဲသောင်ဖြစ်ထွန်းမှုရရှိစေရန်တို့အတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်များတွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် ဝါးများကို အသုံးပြုပြီး ကမ်းပြိုကမ်းပါးတစ်လျှောက် ကရစ်ကွက်များဖြင့်

ပုံဖော်တည်ဆောက်သည့် ဝါးကရစ်ကမ်းထိန်းလုပ်ငန်းဖြင့် တိုက်ရိုက်ကာကွယ်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံကတော့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ဇလွန်မြို့မှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတည်ဆောက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒါလည်း ဇလွန်မြို့မှာလုပ်ခဲ့တဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။ ထို့အတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပဲနွယ်ကုန်းမြို့၊ တပင်ရွှေထီးရပ်ကွက်၊ တုံကန်ချောင်းကမ်းပြိုကာကွယ်ရေး၊ ဖြူးမြို့နယ်၊ မြို့ချောင်းရွာ၊ ဖြူးချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ လက်ပံတန်းမြို့နယ်၊ လှည်းလမ်းဆိပ်ရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ အမှတ်(၃)ရပ်ကွက် မင်းဘူးချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အမှတ်(၄)ရပ်ကွက်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများတွင် ဝါးကရစ်ကွက်ဖြင့် ကာကွယ်မှုများဆောင်ရွက်ခဲ့ရာ ထိရောက်အောင်မြင်သော အကျိုးသက်ရောက်မှုများ ရရှိခဲ့ပါတယ်။

ဒါကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပဲနွယ်ကုန်းမြို့နယ်မှာဆောင်ရွက်ခဲ့တဲ့ ကမ်းထိန်းလုပ်ငန်းဖြစ်ပါတယ်။ ဒါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြူးမြို့နယ်မှာ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့တဲ့ ပုံတွေဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လက်ပံတန်းမြို့နယ်မှာဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီပုံကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာပဲ ဇီးကုန်းမြို့မှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်မှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒီအပြင် ဝါးများကိုအသုံးပြုပြီးတော့ ဝါးကရစ်ကွက်ကမ်းထိန်းလုပ်ငန်းများ၊ ဝါးဖောင်အသုံးပြုသည့် Floating Structure များ၊ ဝါးနှင့်ကိုင်းပင်များ ယှဉ်တွဲအသုံးပြု၍ ကိုင်းဒလက်ချထားခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ရာတွင် ဝါးများ၏ သက်တမ်းသည် သုံးနှစ်ခန့်သာရှိနိုင်မည်ဖြစ်တဲ့အတွက် ရေရှည်စိတ်ချရသော ဖြေရှင်းနည်းမဟုတ်ကြောင်းသိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရည်ညွှန်းထားတဲ့ Facebook ဆောင်းပါးမှာဖော်ပြပါရှိတဲ့ ဂျမုနာမြစ်သည် ရေကြောင်းကျယ်ပြန့်ခြင်း၊ ရေစီးနှုန်းနည်းခြင်း၊ သဲနုန်းပါဝင်မှုမြင့်မားခြင်းတို့ကြောင့်

ဈေးနှုန်းသက်သာသည့် ဝါးကျဲနံရံများဖြင့် ဆောင်ရွက်အောင်မြင်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ဝါးကျဲနံရံများကို အသုံးပြု၍ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာခြင်း၊ ရေစီးနည်း၍ အပြန့်ကျယ်သော ချောင်းငယ်များအတွင်း၌လည်းကောင်း၊ ရေမွှာပေါက်များသည့် မြစ်ကြောင်းများတွင် အဓိကရေလမ်းကြောင်းကို ဖွံ့ဖြိုးစေရေးအတွက်လည်းကောင်း ဆောင်ရွက်ရန်ပိုမိုသင့်လျော်ခြင်း၊ ဒေသထွက်ပစ္စည်းများဖြင့် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ရော လျော်ညီစွာအကျိုးဖြစ်ထွန်းနိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်မည်မှာ အမှန်ပဲဖြစ်ပါတယ်။ သို့ရာတွင် ဧရာဝတီမြစ်သည် ဝါးကျဲနံရံများ အသုံးပြုကာကွယ်ထားသည့် ဂျမူနာမြစ်နှင့်နှိုင်းယှဉ်လျှင် ပျမ်းမျှရေထုစီးဆင်းမှုတွင် လေးဆ၊ ပျမ်းမျှရေစီးနှုန်းတွင် ၁.၅ ဆ အသီးသီးသာလွန်သည်ဖြစ်ရာ ဝါးကျဲနံရံများဖြင့် ကာကွယ်မှုဆောင်ရွက်ပါက အကျိုးသက်ရောက်မှုတူညီနိုင်မည်မဟုတ်ကြောင်း သုံးသပ်ရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်ပါ ဝါးကျဲနံရံများကဲ့သို့ ကုန်ကျစရိတ်သက်သာပြီး အခြေခံသဘောတရားချင်းတူညီသော ဝါးကရစ်ကွက်မြေထိန်း၊ ရေစီးထိန်းစနစ်များကို မိမိတို့နိုင်ငံမြစ်ချောင်းများ၏ ဆီလျော်သည့်နေရာများတွင် အသုံးပြုလျက်ရှိနေပါကြောင်း ဝါးထက် သက်တမ်းပို၍ ကြာရှည်ခံသည့် မျှောများကိုအသုံးပြု၍ ယာယီကမ်းထိန်းအနေဖြင့် မျှောကရစ်တန်းတည်ဆောက်၍ ကာကွယ်မှုများသုံးစွဲလျက်ရှိပါကြောင်းနှင့် လက်ရှိအနေအထားအရ ဝါးကျဲနံရံများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်ရေးအတွက် အသေးစိတ်လေ့လာပြီးနောက် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျင်းဒွေး၊ မှန်တောင်၊ လဲပုံ၊ မကြားအိမ်နူး၊ လုံအိမ်နူး၊ ငွန်းဇိုင်ကျေးရွာအုပ်စုများအတွက် ဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်ချိတ်ဆက်အသုံးပြုနိုင်မယ့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျင်းဒွေး၊ မှန်တောင်၊ လဲပုံ၊ မကြားအိမ်နူး၊ လုံအိမ်နူး၊ ငွန်းဇိုင်ကျေးရွာအုပ်စုများအတွက် ဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်ချိတ်ဆက်အသုံးပြုနိုင်မယ့် ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်ဟာ ကမ္ဘာလှည့်ခရီးသွားတွေ၊ ပြည်တွင်းခရီးသွားတွေ လာရောက်လည်ပတ်ကြတဲ့ ခေါ်နုဗုမ်တောင်(ဝိတိုရိယတောင်)တည်ရှိရာမြို့ဖြစ်ပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာကောင်းများစွာရှိတဲ့မြို့လည်းဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဆက်သွယ်ရေးတာဝါတိုင်တွေအနေနဲ့ အင်တာနက်ကွန်ရက် ချိတ်ဆက်ဆက်သွယ်မှုစနစ်တွေကောင်းမွန်ဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ကန်ပက်လက်မြို့ပေါ်မှအပ မြို့နယ်တွင်းအခြားဘယ်ကျေးရွာမှ ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှု မရှိသေးတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့ ဖုန်းဆက်သွယ်ရေးတာဝါတိုင်တွေ တည်ဆောက်ပေးတဲ့ သက်ဆိုင်ရာကိုအကြိမ်ကြိမ်တောင်းခံခဲ့ကြပေမဲ့လည်း ယနေ့အထိဖြည့်ဆည်း ဆောင်ရွက်ပေးတာမရှိသေးပါဘူး။ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နယ်စပ်ဒေသ တိုင်းရင်းသားတွေရဲ့လူနေမှုဘဝ ပြည်မနဲ့တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးဦးစားပေး အစီအစဉ်အနေနဲ့ ပြည်ထောင်စုအစိုးရက အလေးထားဖြည့်ဆည်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ လူဦးရေအချိုးအစားနဲ့ သုံးစွဲသူများရဲ့ တွက်ခြေကိုက်မှုအပေါ်မှာပဲ အခြေခံပြီး ဆက်သွယ်ရေး တာဝါတိုင်တွေ တည်ဆောက်ပေးမယ်ဆိုရင်တော့ ဝေးလံခက်ခဲတဲ့ ကျွန်တော်တို့ ချင်းတိုင်းရင်းသား ဒေသတွေအတွက် ဆက်သွယ်ရေးဖုန်းလိုင်းများအဆင်ပြေဖို့ မဖြစ်နိုင်တဲ့အခြေအနေကို ဝန်ကြီးဌာန အနေနဲ့ စာနာနားလည်ပေးသင့်ပါတယ်လို့ ယူဆပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ လူဦးရေအချိုးအစားတွက်ချက်မှုအပေါ်မှာ အခြေခံ ဖြည့်ဆည်းပေးတာမျိုးမဟုတ်ဘဲ မြို့နယ်တွင်းသဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် လာဖို့ ဝေးလံခက်ခဲတဲ့ဒေသတွေမှာနေထိုင်ကြတဲ့ တိုင်းရင်းသားချင်းလူမျိုးတွေ တိုးတက်ဖြစ်ထွန်း နေတဲ့ ကမ္ဘာကြီးနဲ့ချိတ်ဆက် အဆက်သွယ်မပြတ်တောက်ဖို့ တိုင်းရင်းသားတွေရဲ့လူနေမှုဘဝဖွံ့ဖြိုး

တိုးတက်ရေးတွေကို စာနာနားလည်ပြီး အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်တဲ့ ဆက်သွယ်ရေးတာဝါတိုင်များ ဦးစားပေးအစီအစဉ်အနေနဲ့ မဖြစ်မနေဆောင်ရွက်ပေးသင့်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကန်ပက်လက်မြို့နယ်ရဲ့ မြို့နယ်အခြေပြမြေပုံဖြစ်ပါတယ်။ အစိမ်းရောင်မြားစက်ကတော့ ကျွန်တော်တို့မြို့နယ်တစ်နေရာသာသုံးစွဲလို့ရတဲ့နေရာဖြစ်ပါတယ်။ အနီရောင်မြားစက်ကတော့ ကျွန်တော်တို့ အခုတောင်းခံနေတဲ့နေရာတွေ ဖြစ်ပါတယ်။ အပြာရောင်မြားစက်တွေကတော့ ဆက်လက်ဖြည့်ဆည်းပေးရမယ့်နေရာတွေဖြစ်ပါတယ်။ ဒါကြောင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ကျေးလက်တိုင်းရင်းသားဒေသတွေမှာ ခက်ခဲကြမ်းတမ်းတဲ့လူနေမှုဘဝများ ယနေ့ကမ္ဘာတိုးတက်မှုဖြစ်စဉ်တွေနဲ့ အဆက်သွယ်ပြတ်တောက်နေမှုကို သက်ဆိုင်ရာဝန်ကြီးဌာနမှ စာနာနားလည်ပြီး ဦးစားပေးအနေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်စုံစမ်းပေးနိုင်ဖို့ အနူးအညွတ်မေတ္တာရပ်ခံရင်း ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးလက်နေချင်းတိုင်းရင်းသားပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း၏ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျင်းဒွေးအုပ်စု၊ မှန်တောင်အုပ်စု၊ လဲပုံအုပ်စု၊ မကြားအိမ်နူးအုပ်စု၊ လုံအိမ်နူးအုပ်စု၊ ငွန်းဇိုင်အုပ်စုများအတွက် ဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်ချိတ်ဆက်အသုံးပြုနိုင်မယ့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ပေါ်မှာ CDMA-450 MHz စခန်းတစ်ခုနဲ့ GSM စခန်းတစ်ခုဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တယ်လီနောမြန်မာလီမိတက်အနေဖြင့် ကန်ပက်လက်မြို့နယ်အတွင်းရှိ နတ်မတောင်အမျိုးသားဥယာဉ်တွင် GSM စခန်းတစ်ခု၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်တွင်

GSM စခန်းတစ်ခုနဲ့ အေးစခန်းကျေးရွာတွင် GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းသုံးခုကို ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။ အူရီဒူးမြန်မာလီမိတက်အနေဖြင့်လည်း ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ မြို့ပတ်လမ်းအပေါ်မှာ GSM စခန်း တစ်ခု၊ နတ်မတောင် အမျိုးသားဥယျာဉ်တွင် GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းနှစ်ခုကို ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ Telecom International Myanmar(MyTel) အနေဖြင့်လည်း ကန်ပက်လက်မြို့ မြို့ပတ်လမ်း အမှတ်(၂)ရပ်ကွက်တွင် GSM စခန်းတစ်ခုကို ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်း MPT ၊ Telenor ၊ Ooredoo နဲ့ Mytel တို့မှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော CDMA 450 MHz စခန်းတစ်ခုနဲ့ GSM စခန်းခုနစ်ခုတို့ရဲ့တည်နေရာပြပုံ ဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့်ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသော်လည်း မိုဘိုင်းစခန်းများတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၊ အဝေးဆက်သွယ်ရေးဆက်ကြောင်း(မိုက္ကရိုဝေ့/ဖိုင်ဘာ/ဂြိုဟ်တု)စသည်များ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေ၊ မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေစသည်တို့အပေါ်မူတည်ပြီး တည်ဆောက်ရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုဘိုင်းဆက်သွယ်ရေးစခန်းတည်ဆောက်ပေးရန် လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုထားသော ကန်ပက်လက်မြို့နယ်အတွင်း ကျင်းဒွေး၊ မှန်တောင်၊ လဲပုံ၊ မကြားအိမ်နူး၊ လုံအိမ်နူး၊ ငွန်းဇိုင်ကျေးရွာအုပ်စုများမှာ လျှပ်စစ်မီးမရရှိနိုင်ခြင်း၊ သွားလာရန်ခက်ခဲခြင်း၊ တောတောင်ထူထပ်ခြင်း၊ အဝေးဆက်သွယ်ရေးစခန်း ဆက်ကြောင်းတည်ဆောက်ရန် ခက်ခဲခြင်းတို့ကြောင့် ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် ကန်ပက်လက်မြို့နယ်အတွင်း အဆိုပါကျေးရွာအုပ်စုများတွင် မိုဘိုင်းဆက်သွယ်ရေးစခန်းများတည်ဆောက်ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးကြောင်း သိရှိရပါတယ်။ သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများမှအချိုးကျထည့်ဝင်သည့် အခြေခံဆက်သွယ်ရေး

လိုအပ်ချက်ဖြည့်ဆည်းရေးဆိုင်ရာရန်ပုံငွေ(Universal Service Fund-USF)၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ပထမအဆင့်အနေဖြင့် မြို့နယ် ၁၉ မြို့နယ်တွင် မိုဘိုင်းဆက်သွယ်ရေး စခန်းများ တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ပထမသုံးလပတ်အတွင်း တင်ဒါခေါ်ယူပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ဆက်သွယ်ရေးကွန်ရက်အပြည့်အဝ လွှမ်းခြုံမှု မရရှိသေးသည့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ပါဝင်ပြီး ကန်ပက်လက်မြို့နယ်အတွင်း မိုဘိုင်း ဆက်သွယ်ရေးစခန်း ကိုးခုတည်ဆောက်ပေးရန် စီစဉ်လျာထားပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံပိုင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၏ အခြေအနေ၊ ဝန်ထမ်းများ၏ အခြေအနေ၊ ယင်းလုပ်ငန်းပိုင်ရေယာဉ်များနှင့် ဆိပ်ခံဘောတံတားများ၏ အခြေအနေတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက မြစ်၊ ချောင်း၊ အင်းအိုင်တွေ အများအပြားရှိနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်ဆိုတဲ့ မြစ်ကြီးတွေအပြင် မြစ်လက်တက်တွေအများအပြား တစ်နိုင်ငံလုံးမှာ ခက်ဖြာစီးဆင်းနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းလမ်းတွေဟာလည်း ရေကြောင်းရှည်လျားစွာရှိနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ တစ်ချိန်တုန်းကတော့ ကျွန်တော်တို့ အဲဒီမြစ်တွေ၊ မြစ်လက်တွေဟာ ကျွန်တော်တို့နိုင်ငံအတွက် စားနပ်ရိက္ခာအရင်းအမြစ်တွေ ဖြစ်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေရဲ့ အရင်းအမြစ်တွေဖြစ်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေ တစ်နေရာကတစ်နေရာ၊ တစ်မြို့ကတစ်မြို့ ကူးသန်းသွားလာတဲ့ အခါမှာ အဓိကအားဖြင့် သင်္ဘောတွေ၊ လှေတွေ၊ စက်လှေတွေ၊ ပဲ့ဒေါင်တွေနဲ့ သွားလာဖို့အတွက် အရေးကြီးတဲ့အရင်းအမြစ်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ မကြာသေးခင် ၁၀ စုနှစ်တစ်ခုလောက်ကစပြီးတော့ ကျွန်တော်တို့နိုင်ငံတစ်လွှားမှာ နိုင်ငံတော်အစိုးရတွေကနေပြီးတော့ ကုန်းလမ်းတွေကို ဖောက်လုပ်ခဲ့ပါတယ်။ ကုန်းလမ်းကွန်ရက်တွေ အများကြီးချဲ့ထွင်ပြီးတော့ ဖောက်လုပ်ခဲ့ပါတယ်။ အရင်ရှိပြီးသား ကားလမ်းတွေကို ပြင်ဆင်မွမ်းမံခဲ့တဲ့

အပြင် ကားလမ်းအသစ်တွေလည်း အများကြီး ဖောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့နိုင်ငံမှာ ကုန်းလမ်းက ဖွံ့ဖြိုးလာတဲ့အခါကျတော့ ပြည်သူတွေဟာ ရေလမ်းအစား ကုန်းလမ်း၊ ကားလမ်းတွေကိုလည်း အဓိကအားထားပြီးတော့ သွားလာကြတာကို တွေ့ရပါတယ်။ ဒီအခါမှာ ကျွန်တော်တို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် ကြောင်းတစ်လျှောက်မှာရှိတဲ့ သင်္ဘောတွေ၊ ဆိပ်ခံဘောတွေ ဒါတွေဟာလည်း တဖြည်းဖြည်းနဲ့ အသုံး နည်းလာခဲ့ပါတယ်။ ကျွန်တော်တို့ တွံတေးမြို့ဆိုရင်လည်းပဲ တွံတေးတူးမြောင်းပေါ်မှာ တည်ရှိတဲ့မြို့ ဖြစ်ပါတယ်။

တွံတေးတူးမြောင်းဆိုတာကတော့ ဧရာဝတီမြစ်ဝကျွန်းပေါ်ထဲမှာ အမည်အမျိုးမျိုးနဲ့ ကွေ့ပတ် စီးဆင်းသွားတဲ့ တိုးမြစ်။ နောင်တစ်ချိန်တုန်းက မြန်မာနိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ပေါ့။ အခုတော့ စီးပွားရေးမြို့တော် ရန်ကုန်မြို့။ အဲဒီနှစ်ခုကို ဆက်ထားတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်ကတည်း က အင်္ဂလိပ်ခေတ်တည်းက ဖောက်လုပ်ခဲ့တဲ့တူးမြောင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့က ဆိပ်ကမ်း ဆိုရင် တစ်ချိန်တုန်းကဆိုရင် ဧရာဝတီမြစ်လို့ခေါ်တဲ့ သင်္ဘောစီးရေ တစ်နေ့တစ်နေ့ကို စီးရေ ၂ဝ၊ ၃ဝ လောက်ကို ဆိပ်ကမ်းမှာ အကုန်ကပ်ပြီးတော့ သွားလာနေတဲ့ မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့ကလည်း တူးမြောင်းထဲကို ဖြတ်သန်းသွားလာတဲ့ သင်္ဘောတွေအပေါ်မှာ မှီခိုပြီးတော့ ကျွန်တော်တို့စီးပွားရေး တစ်ခုဟာလည်း ဖြစ်ထွန်းလာခဲ့ပါတယ်။ အခုအချိန်မှာတော့ ကားလမ်းက ဖွံ့ဖြိုးလာတဲ့အခါကျတော့ ကျွန်တော်တို့မြို့တင်မကဘူး ဒီဧရာဝတီမြစ်ဝကျွန်းပေါ်မှာရှိတဲ့ မြို့တွေရော၊ အခြားမြန်မာနိုင်ငံ တစ်လျှားမှာရှိတဲ့မြို့တွေရောက ဆိပ်ကမ်းတွေ၊ ဆိပ်ခံဘောတွေ၊ ဆိပ်ခံတံတားတွေဟာ အသုံးမပြု သလောက်ဖြစ်သွားပါပြီ။ ကျွန်တော်တို့မြို့က ဆိပ်ခံဘောဆိုလို့ရှိရင်လည်း ဘာသင်္ဘောမှ မကပ်တော့ တာဆိုရင် ဆယ်စုနှစ်တစ်ခုနီးပါးလောက် ရှိသွားပါပြီ။

ဒါကြောင့်မို့လို့ ဘာမှဝင်ငွေမရှိတော့တဲ့အခါကျတော့ သူ့ကို ပြင်ဆင်ဖို့၊ မွမ်းမံဖို့ဆိုတာလည်း ဘတ်ဂျက်ကလည်း ကျမလာတော့ပါဘူး။ အဲဒီတော့ ဆိပ်ခံဘောတွေလည်း ဒီတိုင်းပဲပစ်ထားရတဲ့ အနေအထား။ တံတားလည်းဒီတိုင်းပဲ ပစ်ထားရတဲ့အနေအထား။ အဲဒီတော့ ဒီမှာ ကျနေတဲ့ ဝန်ထမ်းတွေဆိုရင်လည်း လောလောဆယ်မှာဘာမှ လုပ်စရာမရှိတော့ဘဲနဲ့ ထိုင်နေရတဲ့ အနေအထား ဖြစ်ပါတယ်။ နောင်ကိုလည်း ဒီကားလမ်းတွေဟာ ပိုပြီးတော့ ဖွံ့ဖြိုးလာဖို့သာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီပြည်တွင်းရေကြောင်းသွားလာရေးလုပ်ငန်းရဲ့ အနာဂတ်က ဘယ်လိုရှိသလဲဆိုတာကို ကျွန်တော်

သိချင်ပါတယ်။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးတစ်ခုလုံးရဲ့ အခြေအနေ၊ အဲဒီဌာနမှာခန့်အပ်ထားတဲ့ ဝန်ထမ်းတွေရဲ့အခြေအနေ နောင်ကို သူတို့ဘယ်လိုစီမံပေးသွားမယ် နောက်တစ်ခါ တချိန်တုန်းက ကျွန်တော်တို့ အများကြီးအသုံးများခဲ့တဲ့ ဧရာဝတီသင်္ဘောတွေ ပုသိမ်၊ ရန်ကုန်ဖြတ်သွားတဲ့ ဗန္ဓုကတို့၊ ဗန္ဓုလတို့၊ ဘုရင့်နောင်တို့ အဲဒီလိုသင်္ဘောကြီးတွေလည်း အခုဆိုရင် မတွေ့တော့ပါဘူး။ အဲဒီသင်္ဘောတွေကို အခု ဘယ်လိုစီမံခန့်ခွဲနေပါသလဲ။ နောက်တစ်ခါ ဒီအသုံးမရှိတော့သလောက် ဖြစ်သွားပြီဖြစ်တဲ့ ဆိပ်ခံဘောတံတားတွေ၊ ဆိပ်ခံတံတားတွေ အဲဒါတွေနဲ့ပတ်သက်တဲ့ အခြေအနေတွေအားလုံးကိုလည်း ကျွန်တော် ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ နိုင်ငံပိုင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၏ အခြေအနေ၊ ဝန်ထမ်းများ၏ အခြေအနေ၊ ယင်းလုပ်ငန်းပိုင်ရေယာဉ်များနှင့် ဆိပ်ခံတံတားများ၏ အခြေအနေတို့နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ကို ပြည့်ပြည့်စုံစုံဖြေကြားပေးနိုင်ရန်အတွက် အချိန်ပိုခွင့်ပြုပေးနိုင်ပါရန်နှင့် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၁၈၆၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Irrawaddy Flotilla Co.Ltd မှ အခြေတည်ဆင်းသက်လာခဲ့ပြီး ခေတ်အဆက်ဆက်ပြောင်းလဲဖွဲ့စည်းလာရာ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိခဲ့သည့် မြန်မာနိုင်ငံ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆယ်စုနှစ်ပေါင်းများစွာ အလွန်အရေးပါခဲ့ပြီး၊ သမိုင်းအစဉ်အလာကောင်းခဲ့တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ထောက်ပံ့မှုဖြင့် ရပ်တည်ခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်း၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ နိုင်ငံတော်ပိုင် စီးပွားရေး

အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ မိမိဝင်ငွေအပေါ် မိမိရပ်တည်လာခဲ့ရပါတယ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပသို့ရောက်ရှိခဲ့သည့်အချိန်မှစ၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ခေတ်မှီရေယာဉ်များနှင့် ဆိပ်ကမ်းများမပြည့်စုံခြင်း၊ ရေယာဉ်သစ်များ အစားထိုးရန် ရန်ပုံငွေမရှိခြင်း၊ ရေယာဉ်ပြင်ဆင်ထိန်းသိမ်းမှုစရိတ်များ မြင့်မားလာခြင်း၊ ဈေးကွက်ရရှိမှုအခြေအနေကျဆင်းလာခြင်း၊ အဖွဲ့အစည်းကသာ ထမ်းနေရသည့်လစာနှင့် ပင်စင်စရိတ်များ တိုးမြင့်လာခြင်း၊ ကြွေးမြီဝန်ထုပ်ဝန်ပိုးများကိုလည်း ထမ်းပိုးနေရခြင်းစသည့် အခြေအနေတွေကြောင့် ဝင်ငွေနှင့် အသုံးစရိတ်မျှတမှုမရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်လာခဲ့ရပါတယ်။ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နေတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆက်လက်ရပ်တည်ဆောင်ရွက်ရန် တင်ပြခဲ့သည့်အတိုင်း အခက်အခဲများစွာရှိသည့်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ ပြန်လည်ဝင်ရောက်၍ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ၁၇-၇-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းများကို နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် စီမံဆောင်ရွက်နိုင်ခဲ့သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းမှစတင်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေထောက်ပံ့မှုကို လုံလောက်စွာ မရရှိခဲ့ခြင်းကြောင့် ခေတ်ကာလနှင့် လိုက်လျောညီထွေသည့် ရေယာဉ်သစ်များ အစားထိုးဖြည့်ဆည်းပေးနိုင်မှုမရှိခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကဲ့သို့ ခေတ်မီရေယာဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲတည်ဆောက်သွားနိုင်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် နိုင်ငံအတွင်းရှိ အဓိက မြစ်ကြောင်းကြီးများ တိမ်ကောယိုယွင်းပျက်စီးလာကာ ရေယာဉ်များသွားလာရာတွင် ကန့်သတ်ချက်များရှိလာပြီး နေ့/ညအချိန်မရွေး၊ ရာသီမရွေး အသုံးမပြုနိုင်ခြင်း၊ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်သော ပုဂ္ဂလိကအခန်းကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး ၎င်းတို့နှင့် ယှဉ်ပြိုင်

ဆောင်ရွက်ရန် ဌာနပိုင်အရင်းအမြစ်များမှာ ဈေးကွက်နှင့် သဟဇာတမဖြစ်တော့သဖြင့် အခက်အခဲများ ဖြစ်ပေါ်လာခဲ့ရပါတယ်။

ယခင်က ဌာနပိုင်ရေယာဉ်များ ပြေးဆွဲခုတ်မောင်းရာတွင် အဓိကအသုံးပြုသည့် ဒီဇယ်ဆီများကို စွမ်းအင်ဝန်ကြီးဌာနမှ ချိုသာသောနှုန်းထားဖြင့် ဝယ်ယူအသုံးပြုခွင့်ရရှိနေရာမှ စက်သုံးဆီဈေးနှုန်းများကို ပြင်ပပေါက်ဈေးဖြင့် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းကြောင့် စက်သုံးဆီကုန်ကျစရိတ်မြင့်တက်လာခဲ့ခြင်း၊ စက်သုံးဆီဈေးနှုန်းများ တိုးမြှင့်လာမှုကြောင့် ခရီးလမ်းများပြေးဆွဲရန် စီးပွားရေးအရ တွက်ခြေမကိုက်သည့် ခရီးလမ်းအများစုကို ရပ်နားခဲ့ရပြီး ဝင်ငွေများ လျော့နည်းကျဆင်းလာခြင်း၊ နိုင်ငံခြားငွေ ဒေါ်လာလဲလှယ်နှုန်းထားကို ယခင်က ၆.၅၀ ကျပ်နှုန်း သတ်မှတ်ထားခဲ့ရာမှ ပြင်ပပေါက်ဈေးနှင့်အညီ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းကြောင့် နိုင်ငံခြားငွေဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် သံပြား၊ သံကိုင်း၊ သံဂဟေချောင်းစသည့် ရေယာဉ်ပြင်ပစ္စည်းများ၊ ရေယာဉ်သုတ်ဆေးများ၊ စက်ကိရိယာများစသည်တို့၏ ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်များ၊ ပင်စင်လစာများ တိုးမြင့်လာခြင်းတို့ကြောင့် အသုံးစရိတ်များ မြင့်တက်လာခြင်း ထိုကဲ့သို့ အသုံးစရိတ်များ တိုးမြင့်လာသော်လည်း အခြေခံလူတန်းစားများအတွက် အဓိကထားပြေးဆွဲပေးရတဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Transport) ဖြစ်တဲ့အတွက် ခရီးသည်ခ၊ ကုတင်ခနှုန်းထားများကို လိုက်လျောညီထွေ တိုးမြှင့်၍ မရနိုင်ခြင်းတို့ကြောင့် ဝင်ငွေနှင့်အသုံးစရိတ် မျှတမှုမရှိဘဲ တင်ပြပါအတိုင်း အရှုံးများဖြစ်ပေါ်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနပိုင်ရေယာဉ်အများစုမှာလည်း ခရီးသည်နှင့် ကုန်စည်တွဲဘက်သယ်ဆောင်သော ရေယာဉ်များသာဖြစ်သဖြင့် လက်ရှိအခြေအနေတွင် ခေတ်စနစ်နှင့်ကိုက်ညီမှုမရှိတော့တဲ့အတွက် မဖြစ်မနေ ရေလမ်းခရီးကိုသာ အသုံးပြုရမည့်ဒေသများတွင် ခရီးသည်သီးသန့် အမြန်ရေယာဉ်များကိုသာ ပြောင်းလဲပြေးဆွဲပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် တန်ချိန် ၁၅၀၀ နှင့်အထက် သယ်ယူနိုင်သော ကုန်တင်ရေယာဉ်များကို ပြောင်းလဲတည်ဆောက်ဆောင်ရွက်နိုင်မှသာလျှင် လက်ရှိဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည်ဖြစ်သဖြင့် ဌာနအနေဖြင့် ထိုသို့ဆောင်ရွက်နိုင်ရေးကို နှစ်တို/နှစ်ရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းထားရှိပြီး၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြစ်ဝကျွန်းပေါ်

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ ရခိုင်ဌာနခွဲများနှင့် ကုန်ပို့ဆောင်ရေးဌာနခွဲဟူ၍ စုစုပေါင်း ဌာနခွဲခြောက်ခုကို လုပ်ငန်းနယ်မြေဒေသအလိုက် ဖွဲ့စည်းထားရှိပါတယ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဖော်ပြပါဒေသအလိုက် ဌာနခွဲများတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ရေယာဉ်ခရီးစဉ်များပြေးဆွဲခြင်း၊ မြစ်ဖြတ်ကူးလူစီးကူးတို့များ၊ ဇက်ကူးတို့များ ပြေးဆွဲခြင်းနှင့် မြစ်တွင်းအပျော်စီးရေယာဉ်များ ပြေးဆွဲ၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် ဈေးကွက်နှင့်လိုက်လျောညီထွေမှုရှိသော ကွန်တိန်နာသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ပေးနိုင်ရန်အတွက် အဆိုပါဌာနခွဲခြောက်ခုကို PPP စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်/တွဲယာဉ်များ ပြင်ဆင်နိုင်ရန်အတွက် ဌာနပိုင်သင်္ဘောကျင်းခြောက်ခုဖြစ် သော ဒလသင်္ဘောကျင်း၊ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၊ မန္တလေးသင်္ဘောကျင်း၊ ချင်းတွင်းသင်္ဘောကျင်း၊ သံလွင်သင်္ဘောကျင်းနှင့် စစ်တွေသင်္ဘောကျင်းတို့ကို တည်ဆောက်ထားရှိပြီး ပုဂ္ဂလိကပိုင်ရေယာဉ်/ တွဲယာဉ်များကို အသစ်တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ နိုင်ငံတော် ဝင်ငွေ တိုးတက်ရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဈေးကွက်မရှိတော့သည့်ခရီးသည်နှင့် ကုန်စည်ပူးတွဲသယ်ယူပို့ဆောင်နေတဲ့စနစ်မှ ခရီးသည် သီးသန့်အမြန်ရေယာဉ်များနှင့် ကုန်စည်သီးသန့်သယ်ယူပို့ဆောင်သောစနစ်သို့ ပြောင်းလဲအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ ကုန်စည်အမြောက်အမြား သယ်ယူပို့ဆောင်ပေးနိုင်သော စီးပွားရေးဈေးကွက်ဝင် ကုန်တွဲယာဉ်များ၊ ခေတ်မီကမ်းထိုးဇက်ရေယာဉ်များ တည်ဆောက်၍ မြစ်ဖြတ် ကူးတို့များနှင့် တံတားဆောက်လုပ်ရေးလုပ်ငန်းသုံး ရေယာဉ်များအဖြစ် ပြေးဆွဲဆောင်ရွက်လျက်ရှိပါ တယ်။ ပြုပြင်ထိန်းသိမ်းစရိတ်များပြားပြီး ဈေးကွက်လုံးဝမရှိသော ကြာရှည်ရပ်နားထားရသည့် သက်တမ်းရင့်ရေယာဉ်ဟောင်းများကို နိုင်ငံတော်အတွက် ဝင်ငွေတစ်ရပ်ရရှိရေးအတွက် လေလံတင် ထုခွဲရောင်းချခြင်းများနှင့် အချို့ရေယာဉ်ဟောင်းများကို အပျော်စီးခရီးသွားလုပ်ငန်းတွင် အသုံးပြုနိုင် ရေးအတွက် ပုံစံပြောင်းလဲပြုပြင်ဆောင်ရွက်ခြင်း၊ အချို့ရေယာဉ်များ၊ စက်မဲ့တွဲရေယာဉ်များနှင့်

တွဲတွန်း Tug Boat ရေယာဉ်များကို ပြန်လည်ပြုပြင်၍ ဈေးကွက်ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ ဖွဲ့စည်းပုံအရ အရာထမ်း ၂၇၃ ဦးနှင့် အမှုထမ်း ၁၀၆၆၆ ဦး စုစုပေါင်း ၁၀၉၃၉ ဦးရှိသည့်အနက် ၁-၁-၂၀၁၉ ရက်နေ့အထိ အရာထမ်း ၁၄၂ ဦး၊ အမှုထမ်း ၂၁၈၅ ဦး စုစုပေါင်း ၂၃၂၇ ဦး တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဝန်ထမ်းအင်အားကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျစ်လျစ်စွာ ဖွဲ့စည်းနိုင်စေရန်အတွက် နှစ်စဉ် ပြုန်းတီးဝန်ထမ်းများနေရာတွင် မဖြစ်မနေခန့်ထားရန်လိုအပ်တဲ့ ဝန်ထမ်းဦးရေ အနည်းငယ် ကိုသာ ဖြည့်စွက်ခန့်ထားခဲ့တဲ့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အမြဲတမ်းဝန်ထမ်း ၃၉၂၉ ဦး ရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၂၃၂၇ ဦးဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် စက်ရှိ ရေယာဉ် ၁၅၁ စီး၊ စက်မဲ့တွဲရေယာဉ် ၇၆ စီး၊ ဆိပ်ခံတွဲ ၃၁ စီး စုစုပေါင်း ၂၅၈ စီးပြီး အမှန်ကတယ် လုပ်ငန်းခွင်ကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်နိုင်တဲ့ စက်ရှိရေယာဉ် ၈၀ စီး၊ စက်မဲ့တွဲယာဉ် ၄၅ စီး၊ ဆိပ်ခံတွဲ ၂၆ စီး စုစုပေါင်း ၁၅၁ စီးသာရှိပါတယ်။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်/တွဲယာဉ်အများစုမှာ နှစ်ကာလကြာမြင့်ပြီး သက်တမ်းရင့် ရေယာဉ်/တွဲယာဉ်များဖြစ်ခြင်းကြောင့် ခေတ်စနစ်နှင့်ကိုက်ညီမှုမရှိခြင်း၊ ပြုပြင်သုံးစွဲရန် အရန်စက် ပစ္စည်းများရှားပါးလာခြင်း၊ ပြုပြင်သုံးစွဲပါက ကုန်ကျစရိတ်ကြီးမြင့်ပြီး စီးပွားရေးအရ တွက်ချေကိုက်မှု မရှိခြင်း၊ အဓိကအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်မှုမရှိခြင်းတို့ကြောင့် ရေယာဉ်အများစုမှာ ကြာရှည်ရပ်နားစာရင်းဝင်ရေယာဉ်များအဖြစ် ခရီးလမ်းများတွင် ပြေးဆွဲနိုင်ခြင်း မရှိပါ။ တင်ပြပါပုံအရ သက်တမ်းနှစ် ၂၀ အောက် ရေယာဉ်စီးရေမှာ ၁၂.၁၀ ရာခိုင်နှုန်းသာရှိပြီး နှစ် ၂၀ အထက် ရေယာဉ်စီးရေမှာ ၈၇.၉၀ ရာခိုင်နှုန်းရှိနေကြောင်းနှင့် သက်တမ်းနှစ် ၆၀ အထက် ရေယာဉ်စီးရေမှာ စုစုပေါင်းရေယာဉ်စီးရေ၏ ၃၉.၅ ရာခိုင်နှုန်းရှိနေကြောင်း တွေ့ရှိရပါတယ်။ ၎င်းအပြင် ရေယာဉ်ခရီးလမ်းများတစ်လျှောက် သက်ဆိုင်ရာဆိပ်ကမ်းများတွင်ထားရှိသော ဌာန၏ ဆိပ်ခံတွဲများမှာလည်း သက်တမ်းရင့်တွဲယာဉ်များဖြစ်ကြပြီး၊ ခရီးသည်အတက်/အဆင်းနှင့် ကုန်တင်/ ကုန်ချပြုလုပ်ရာတွင် ကြားခံတွဲအနေဖြင့် အသုံးပြုနေရခြင်း ဆိပ်ခံဘောတံတားများသာ ဖြစ်ပါတယ်။

အဆိုပါဆိပ်ကမ်းများအနက် ရေကြောင်းသွားလာမှုတွင် အဓိကကျသည့် မြစ်တွင်းဆိပ်ကမ်းများကို ခေတ်စနစ်နှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်၍ ဆိပ်ကမ်းစီမံခန့်ခွဲမှုလုပ်ငန်းများကို စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအခြေအနေအပေါ် မူတည်ပြီးတော့ ခေတ်စနစ်နှင့်အညီ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ကော်ပိုရေးရှင်းအသွင်သို့ပြောင်းလဲ၍ စီမံဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ၂၀၁၄ ခုနှစ်တွင် ရေးဆွဲပြုစုခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဆိုင်ရာ(Myanmar Transport Sector Policy Note)တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်ပတ်သက်၍ တင်ပြပါလုပ်ငန်းစဉ်ကိုးခုကို မဖြစ်မနေဆောင်ရွက်ပြီးမှသာ ကော်ပိုရေးရှင်းအသွင်သို့ ကူပြောင်းသင့်ကြောင်း သုံးသပ်တင်ပြထားပါတယ်။ ဖော်ပြပါ ADB ရဲ့ အကြံပြုချက်များနှင့်အညီ အနာဂတ်ကာလတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ကော်ပိုရေးရှင်းအသွင်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider)ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point Presentation ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့်

မေးမြန်းမယ့်မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင်အရ Service Provider ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စိစစ်အရေးယူပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ယနေ့ထုတ်လုပ်ပေးထားတဲ့ ဆက်သွယ်ရေးလိုင်စင် Service Provider အမျိုးအစားသုံးမျိုးရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေရှိမယ်။ ဆက်သွယ်ရေးလိုင်းဝန်ဆောင်မှုလုပ်ငန်းတွေရှိမယ်။ တယ်လီဖုန်းလိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ Mobile Telecom တွေပါ။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ပေါင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၁၇၀ လောက် ထုတ်ပေးထားတယ်လို့ သိရှိရပါတယ်။ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း(Internet Service Provider)ဆိုတာကတော့ ခေတ်အဆက်ဆက် Bagan Net ကနေစပြီး Broadband၊ V-Sat၊ IP Star၊ ADSL ကစပြီး ဒီနေ့အချိန်မှာ Myanmar Net၊ Ananda အထိ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေပါ။ ဒီလုပ်ငန်းတွေမှာ ဝန်ဆောင်မှုလုပ်ငန်းကြေညာတုန်းကတစ်မျိုး၊ ပြီးတော့တစ်မျိုးဖြစ်ခဲ့ကြလို့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ၊ အင်တာနက်အသုံးပြုခဲ့ကြတဲ့သူတွေ ဘယ်လောက်အထိ ခံစားခဲ့ကြမလဲဆိုတာ အားလုံးအသိပါပဲ။ ယနေ့အချိန်အထိ အကာအကွယ်မရသေးပါဘူး။ ဆက်သွယ်ရေးလိုင်း အသုံးပြုဝန်ဆောင်မှုလုပ်ငန်းတွေ(Connection Service Provider)ပါ။ ဒါတွေကတော့ ဘဏ်နှင့်ငွေကြေးလုပ်ငန်းတွေ၊ E-Commerce တွေ၊ လက်လီအရောင်းဆိုင်တွေ အများစုအသုံးပြုနေခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကဆိုရင် အင်တာနက်ဝန်ဆောင်မှုက Telenor BroadBand ဝန်ဆောင်မှု လုပ်ငန်းမှာ ပြဿနာတွေပေါ်တယ်။ အခုအင်တာနက်လိုင်း Connection Service Provider သုံးတဲ့ Red dot ဝန်ဆောင်မှုလုပ်ငန်း ပြီးခဲ့တဲ့ရက်ပိုင်းက ပြဿနာပေါ်တယ်။ ယနေ့အချိန်အထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ဒီအထဲမှာ တယ်လီဖုန်းဝန်ဆောင်မှု၊ Mobile Telephone ဝန်ဆောင်မှု၊ Telecom Service Provider လေးခုရှိပါတယ်။ MPT ရှိမယ်။ Telenor ရှိမယ်။ Ooredoo ရှိမယ်။ Mytel ရှိမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စာရင်းစစ်ချုပ်အစီရင်ခံစာအရ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့သုံးသပ်အစီရင်ခံစာအရ နိုင်ငံတစ်ဝန်းလုံးမှာ မရှိမဖြစ်သုံးရတဲ့ လောကနိဗ္ဗာန် အိမ်သုံးလျှပ်စစ်မီတာအခွန်ရငွေစုစုပေါင်းက

ဘီလီယံ ၅၂၀ ရတယ်လို့ဆိုပါတယ်။ ဒီထဲကမှ နိုင်ငံတစ်ဝန်းလုံးအတွက် တယ်လီဖုန်းပြောဆိုမှုအတွက် အသုံးပြုတဲ့ငွေစုစုပေါင်းက ဘီလီယံ ၂၁၀၀ တောင်ရှိတယ်ဆိုတာ အံ့သြဖွယ်ရာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေ ဆက်သွယ်ရေးအတွက် ဘယ်လောက်သုံးနေကြတယ်။ ဒီ ဆက်သွယ်ရေးကိုအသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ဘယ်လောက်ဆောင်ရွက်ခဲ့ကြလဲ။ ဝမ်းသာစရာပါ။ ကျေနပ်စရာပါ။ မြန်မာနိုင်ငံလူဦးရေဟာ ဒီနေ့အချိန်မှာ ၅၄ သန်းနီးပါးရှိနေပါပြီ။ ဒါပေမဲ့ Mobile Telephone အသုံးပြုတဲ့အရေအတွက်က သန်း ၆၀ နီးပါးရှိနေပါပြီ။ အင်တာနက်အသုံးပြုသူ အရေအတွက်က သန်း ၃၀ နီးပါးရှိနေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထဲကမှ ပြီးခဲ့တဲ့လပိုင်းတွေအတွင်းမှာ ပြဿနာတွေ အများကြီးပေါ်ပါ တယ်။ လူမှုကွန်ရက်တွေမှာဆိုလို့ရှိရင် တယ်လီဖုန်းတွေက ငွေထည့်လိုက်တယ်။ ခဏလေးနဲ့ ကုန်သွားတယ်။ ဘာတွေဖြတ်မှန်းမသိဘူး ပြောလာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ရဲ့ဖုန်းကို စစ်ဆေးကြည့်တဲ့အခါမှာ ဒီလိုမျိုး Game Mania၊ Game Haven၊ Application Store ၄၉၉ ကျပ်၊ ၄၅၀ ကျပ်၊ ၃၁၅ ကျပ် နည်းမျိုးစုံနဲ့ စက်တင်ဘာလကတည်းက ကျွန်တော့်ကို ဖြတ်တောက်ထား တာပါ။ ဒီလိုနဲ့ ကျွန်တော်ရဲ့မိသားစုကို ကြည့်လိုက်တော့ ဒီအတိုင်းပဲ ဖြတ်ထားတာ။ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းတွေ ကြည့်လိုက်တော့လည်း ဒီအတိုင်းပဲ ဖြတ်တောက်ထားတယ်။ တစ်နိုင်ငံလုံး ဖြတ်တောက်ထားတဲ့အနေအထားပါ။ ဒါကို ကျွန်တော့်အနေနဲ့ Complain တက်ပါတယ်။ Complain တက်တဲ့အခါကျတော့ ဒါသည် လူကြီးမင်းက မှားယွင်းပြီးနှိပ်ထားလို့၊ မှားယွင်းပြီးနှိပ်ထားလို့။ ကျွန်တော်တို့မှားယွင်းမနှိပ်ဘူး။ ဒီဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့မယူဘူး။ ဘာဖြစ်လို့ ကျွန်တော် တို့ကို ဖြတ်သလဲ။ ကျွန်တော်တို့ လေးခါ၊ ငါးခါ၊ ခြောက်ခါလောက် Complain တက်မှသာလျှင် ပြန်လည်စစ်ဆေးပေးပါမယ်ဆိုတဲ့အဖြေရတယ်။ ဒီလိုပြီးတဲ့အခါမှာ ကျွန်တော်တို့ဆီကို မှားယွင်း ဖြတ်တောက်မိတဲ့အတွက် ပြန်လည်ထည့်ပေးပါမယ်ဆိုတဲ့ဟာနဲ့ ပြန်ထည့်ပေးတဲ့စာရင်းတွေပါ။ ဒီလို လူမျိုး ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဘယ်လောက်ရှိနေပြီလဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြတ်တောက်မှုဆိုင်ရာမှာ သုံးစွဲသူသန်း ၆၀ ကျော်ရှိတဲ့နေရာမှာ တစ်ပတ်ကို ဝန်ဆောင်မှုတစ်မျိုးအတွက် ဦးရေတစ်သန်းပဲ မှားဖြတ်တယ်ထား။ တစ်ပတ်ကို သန်း ၅၀၀ လောက် နစ်နာပါတယ်။ တစ်လကို နှစ်ဘီလီယံလောက်နစ်နာပါတယ်။ တစ်နှစ်ကို ၂၅ ဘီလီယံလောက် သုံးစွဲသူတွေ နစ်နာပါတယ်။ နိုင်ငံတကာအဆင့် Telecom ကုမ္ပဏီကြီးတွေဖြစ်ပြီးတော့ ဒီလိုမျိုး

ပညာနှင့်အသိဉာဏ်နည်းပါးတဲ့ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေအပေါ်မှာ ဒီလိုအခွင့်ကောင်းယူပြီး အကျိုးအမြတ်ရယူခြင်းဟာ ဒီကုမ္ပဏီကြီးတွေဟာ ကျင့်ဝတ်နဲ့ကိုက်ညီကြရဲ့လား။ စဉ်းစားစေချင်ပါတယ်။ ရှက်စရာလည်း ကောင်းလှပါတယ်။ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ နစ်နာအောင်လုပ်ခြင်းဟာ နိုင်ငံတော်အပေါ်မှာ နစ်နာခြင်းလို့ ကျွန်တော်တို့ခံစားရပါတယ်။ ပြီးရင် နိုင်ငံတော်ရဲ့ဥပဒေအပေါ်မှာ မထီမဲ့မြင်လုပ်တယ်လို့လည်း ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒါဟာကုမ္ပဏီတစ်ခုတည်းတင်မဟုတ်ပါဘူး။ Telecom တစ်ခုတည်းတင်မဟုတ်ပါဘူး။ Telecom တိုင်းမှာ ဖြစ်နေတဲ့ပြဿနာပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် ဆက်သွယ်ရေးအခွင့်အရေးချိုးဖောက်နေတဲ့ ဆက်သွယ်ရေးလိုင်စင်(Service Provider)ရရှိထားတဲ့ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၏ ဆယ်သွယ်ရေးသုံးစွဲသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ ကောက်ခံမယ့်ဝန်ဆောင်ခနှုန်းထားတွေကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှတစ်ဆင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်

ရယူဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်သွယ်ရေးအော်ပရေတာများမှ အဆိုပြုတင်ပြလာသောဝန်ဆောင်ခနှုန်းထားများကို စိစစ်ခွင့်ပြုရာတွင် ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၄၀ နည်းဥပဒေခွဲ(က)အရ ကောက်ခံမည့်နှုန်းထားများသည် ထိုက်သင့်မျှတခြင်းရှိ/မရှိနှင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ထိခိုက်စေခြင်းရှိ/မရှိတို့ကို စိစစ်ပြီးမှသာလျှင် ခွင့်ပြုပေးလျက်ရှိပါတယ်။ အကယ်၍ အဆိုပါခွင့်ပြုချက်ရရှိထားပြီးဖြစ်သော ဝန်ဆောင်ခနှုန်းထားများကို ဆက်သွယ်ရေးအော်ပရေတာများက သုံးစွဲသူများသိရှိအောင် ကြော်ငြာရာတွင် ခွင့်ပြုထားသည့် ဝန်ဆောင်ခနှုန်းထားနှင့်ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်နေသည်ကိုတွေ့ရှိပါက သို့မဟုတ် တိုင်ကြားမှုများရှိလာပါက စိစစ်၍ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(က)တို့ဖြင့် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာများက ၎င်းတို့ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သုံးစွဲသူများသို့ အသိပေးကြေညာချက်များအပေါ် သုံးစွဲသူများအနေဖြင့် နားလည်မှုလွဲမှားပြီး ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများအား သုံးစွဲသူများကို ရှင်းလင်းလွယ်ကူစွာသဘောပေါက်နားလည်အောင် အသိပေးကြေညာရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း မိမိအသုံးပြုမည့်အစီအစဉ်များနှင့်စပ်လျဉ်းပြီး လက်ခံရွေးချယ်သုံးစွဲခြင်းမပြုမီ သက်ဆိုင်ရာအော်ပရေတာများ၏ အသိပေးကြေညာချက်များအပေါ် သေသေချာချာနားလည်သဘောပေါက်သည်အထိဖတ်ရှုပြီး ရွေးချယ်အသုံးပြုစေရန် အသိပညာပေးမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုအသုံးပြုသူများအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာများရဲ့ ဝန်ဆောင်မှုအပေါ် ဝန်ခံကတိပြုချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးဦးစီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့လည်းကောင်း တိုင်ကြားနိုင်ပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လတ်တလောအားဖြင့်လည်း မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများနှင့်စပ်လျဉ်းပြီးတော့ သုံးစွဲသူများက တိုင်ကြားလာမှုများအပေါ်မှာ သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အား တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနကဖြေကြားတဲ့အထဲမှာ အဖြေနဲ့ ကျွန်တော်မေးထားတဲ့မေးခွန်းနဲ့ တော်တော်လေးကို တိမ်းစောင်းနေပါတယ်။ ကျွန်တော်တို့ လိုချင်တဲ့အဖြေမရှိပါဘူး။ ကျွန်တော်တို့ ဆိုလိုချင်တာက တစ်နိုင်ငံလုံးသုံးနေတဲ့ ဒီနေ့ အင်တာနက် ဝန်ဆောင်မှု၊ ဖုန်းဝန်ဆောင်မှုသုံးနေတဲ့သူတွေဟာ မလျော်မကန်ဖြတ်တောက်ခြင်းခံနေရတယ်။ ခုန ကလည်း ကျွန်တော်တင်ပြထားပါတယ်။ စားသုံးသူတွေဘယ်လိုလုပ်နားလည်မလဲ။ ကျွန်တော်တို့နိုင်ငံမှာ ပညာ၊ အသိဉာဏ်နည်းပါးတဲ့သူတွေ ဒီအင်္ဂလိပ်လိုပြောလို့ ကျွန်တော်တို့ဘယ်လိုလုပ်နားလည်မလဲ။ ဒါပေမဲ့ ဝန်ဆောင်မှုကျွန်တော်တို့ကိုယ်တိုင်လည်းမယူပါဘူး။ မယူဘဲနဲ့ဖြတ်တောက်ထားတဲ့ကိစ္စ။ ကျွန်တော်ဆိုရင် ခြောက်မျိုး၊ ခုနစ်မျိုး အပတ်စဉ်အဖြတ်ခံရတယ်။ မနေ့ကထိကို ဖြတ်တုန်း။ ဖြတ်တိုင်း Complain တက်တုန်း။ Complain တက်ရင်း မှားတယ်ဆိုပြီး ပြန်ပေးရင်း။ ဒါ စနစ်တကျ ဖြတ်တောက်နေတယ်လို့ ခံစားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သန်း ၅၀ သော လူမျိုးမရွေး၊ တိုင်းရင်းသားမရွေး၊ ဘာသာ မရွေး၊ အဖွဲ့အစည်းမရွေး ကျောင်းသားလူငယ်ကစပြီး သက်ဆိုင်ပြီးခံစားနေရတဲ့ နစ်နာမှုဖြစ်ပါတယ်။ သုံးစွဲသူများက၊ ကျွန်တော်တို့က ကြိုတင်ငွေထည့်ပေးတာဖြစ်ပါတယ်။ ဒီကြိုတင်ငွေဟာ ကျွန်တော်တို့ ပိုက်ဆံဖြစ်ပါတယ်။ သုံးစွဲသူများပိုင်ဆိုင်တဲ့ငွေကြေးဖြစ်ပါတယ်။ ဒီသုံးစွဲတဲ့ငွေကြေးကို ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ဖြတ်တောက်ခြင်းသည် အဒိန္နဒါနာကံ ခိုးယူခြင်းမြောက်ပါတယ်။ နောက်တစ်ခါ ဒီလို ဖြတ်တောက်ခြင်းဟာ ကျွန်တော်တို့မသိဘဲနဲ့၊ ကျွန်တော်တို့က Complain တက်မှ ပြန်ပေးတာဟာ၊ လက်ပူး လက်ကြပ်မိမှပြန်ပေးတာဟာ ခိုးတာဟာခိုးတာပါပဲ။ နောက်တစ်ခါ သုံးစွဲသူများဟာ ကြိုတင်ငွေကို ဒီသက်ဆိုင်ရာ Telecom ကိုယုံကြည်လို့ ဖြည့်ပေးလိုက်တာပါ။ ဒီယုံကြည်လို့ဖြည့်ပေး လိုက်တဲ့ ငွေကြေး။ တစ်နိုင်ငံလုံးခံစားနေရတာသိပါတယ်။ ဒီငွေကြေးကို ကျွန်တော်တို့မသိဘဲနဲ့ ဖြတ်တောက်ခြင်းက အလွဲသုံးစားပြုမှုမြောက်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေးဥပဒေ ရှိပါတယ်။ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဂ)မှာ ဘာအထင်အရှားဖော်ပြထားလဲဆိုတော့ ဆက်သွယ်ရေးကွန်ရက် တစ်ခုကို အသုံးပြု၍ ငွေကြေးနှင့်ပစ္စည်းတစ်ရပ်ရပ်ကိုခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း

သို့မဟုတ် အကျိုးပျက်စီးစေခြင်း အားလုံးမြောက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ငွေတွေပါ။ ကျွန်တော်တို့သုံးစွဲသူ နိုင်ငံသူနိုင်ငံသားတွေပါပဲ။ ဒါကြောင့်မို့လို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အနေနဲ့ ဆက်သွယ်ရေးနဲ့ပတ်သက်ရင် Regulatory body တစ်ခုအနေနဲ့ဖြစ်ပါတယ်။ Regulatory body ဆိုတာက Telecom တွေအချင်းချင်းတွင် ထိန်းကျောင်းပေးရတာမဟုတ်ပါဘူး။ Telecom တွေနဲ့ Subscriber အကြားမှာ ထိန်းကျောင်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့ နစ်နာသူ နိုင်ငံသူနိုင်ငံသားများကိုယ်စား မည်သို့တရားစွဲဆောင်ရွက်ပေးမည်ဆိုတာရယ်၊ နောက်တစ်ချက်က နိုင်ငံသူနိုင်ငံသားများအတွက် ဆုံးရှုံးသွားတဲ့ငွေများကို ပညာရေးနှင့်ကျန်းမာရေးအတွက် အသုံးပြုနိုင်ရန်အတွက် မည်သို့မည်ပုံဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တာလည်း မှန်ပါတယ်ခင်ဗျ။ တချို့ Service Provider တွေက ကြော်ငြာတာတစ်မျိုး၊ လုပ်တာတစ်မျိုးလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အရေးယူပြီးတော့ ဒဏ်ရိုက်တာတွေ၊ အရေးယူမှုတွေ လုပ်ခဲ့ရပါတယ်။ တချို့ကိစ္စတွေမှာဆိုရင် ဒီလိုမျိုးမှားယွင်းဖြတ်တောက်တဲ့ကိစ္စတွေ သူတို့စက်ကြောင့်ပဲမှားမှား၊ ဘာကြောင့်ပဲမှားမှား ခံရတာကျွန်တော်တို့ပြည်သူလူထုပါ။ သုံးစွဲသူတွေက ခံရပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးကိစ္စတွေကိုလည်း အချို့ Operator တွေဆို ဘီလီယံနဲ့ချီပြီး လျော်ခဲ့ရဖူးတာလည်း ရှိပါတယ်။ သုံးစွဲသူတစ်ယောက်ချင်းကို ပြန်ပြီးလျော်ပေးရပါတယ်။ အဲဒီလိုမျိုးလည်းလုပ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း သူတို့ ကြော်ငြာတာတွေ၊ သူတို့ Service တွေ ဘယ် Promotion နဲ့ ဘယ်လိုပေးနေတယ်ဆိုတာတွေ စိစစ်နေပါတယ်။ ဒါပေမဲ့ တချို့ကိစ္စကျတော့လည်း ကျွန်တော်တို့ကမသိနိုင်တာလည်း ရှိပါတယ်။ တကယ်ခံစားရတာက သုံးစွဲသူတွေက ခံစားရပါတယ်။ အဲဒီတော့သုံးစွဲသူတွေက သူတို့ကိုလည်း Complain လုပ်တာလည်း လုပ်ပါ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကိုလည်း တိုင်ကြားပေးပါခင်ဗျား။ အဲဒီလိုတိုင်ကြားပေးမယ်ဆိုရင် ကျွန်တော်တို့ တောက်လျှောက်အရေးယူရပါမယ်။ အရေးလည်းယူရပါမယ်။ ဒါပေမဲ့ သူတို့ကလည်း ဥပဒေအရ လုပ်ရမယ်။ Regulator အပိုင်းကလည်း

ဥပဒေအရ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရဆိုရင် ဆက်သွယ်ရေးဥပဒေမှာ အဓိကအားဖြင့် သူတို့ကိုအရေးယူနိုင်တာ ဥပဒေအရ သုံးချက်ပဲရှိပါတယ်။ (၁)က သတိပေးမယ်။ တစ်ခုဖောက်တာနဲ့သိတာနဲ့ သတိပေးမယ်။ (၂)အချက်က သူတို့ရဲ့လိုင်စင်ကို သတ်မှတ်ထားတဲ့အချိန်ကာလတစ်ခုအထိ ယာယီရပ်ဆိုင်းမယ်။ နောက်တစ်ချက်က လိုင်စင်ကို အပြီးပိတ်သိမ်းမယ်။ အဲဒီလိုမျိုး ဥပဒေမှာ သူတို့ကိုအရေးယူလို့ရတာ အဓိကသုံးချက်ပဲပါပါတယ်။ ပထမတစ်ချက်က Warning ပေးတယ်။ သတိပေးတယ်ဆိုတာကတော့ သူတို့လည်း ဘာမှမမှုလောက်တဲ့ကိစ္စပါ။ ဒုတိယအချက်နှစ်ချက်ဖြစ်တဲ့ လိုင်စင်ကို ယာယီရပ်တယ်။ အပြီးပိတ်သိမ်းတယ်ဆိုတဲ့ကိစ္စက ဥပဒေမှာပါပေမဲ့ တကယ်လုပ်လို့မရဘူးခင်ဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဥပမာဆိုပါတော့ Operator တစ်ယောက်က တစ်ယောက်၊ တစ်ယောက်ကို အနည်းဆုံး Operator က MyTel ဆိုရင် ငါးသန်းလောက်ရှိပါတယ်။ Ooredoo ဆို ဆယ်သန်းလောက်ရှိတယ်။ MPT ဆို ၂၀ သန်းလောက်ရှိတယ်။ Telenor ဆို ၁၉ သန်းလောက်ရှိတယ်။ သူတို့က တစ်နာရီလေး ၁၀ မိနစ်လောက်ပိတ်လို့မရဘူးခင်ဗျ။ ပိတ်လိုက်တာနဲ့ သုံးစွဲသူတွေ အားလုံးက ထိခိုက်ပါတယ်။ အဆက်အသွယ်ပြတ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နည်းဥပဒေမှာတော့ တစ်မျိုးဖြစ်နေပါတယ်။ နည်းဥပဒေမှာတော့ ဒဏ်ရိုက်လို့ရတယ်ဆိုပြီးထည့်ထားတယ်။ သူတို့ရဲ့ ပြီးခဲ့တဲ့နှစ်ရဲ့ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းအထိကို ဒဏ်ငွေရိုက်လို့ရပါတယ်ဆိုတာရှိပါတယ်။ နည်းဥပဒေမှာ ဥပဒေနဲ့ ကွဲပြားစွာပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါပေမဲ့ သူတို့ပေးတဲ့လိုင်စင်မှာလည်း အဲဒီလိုမျိုး ၅ ရာခိုင်နှုန်း ဒဏ်ရိုက်လို့ရတယ်ဆိုတာပါတဲ့အတွက် အဲဒါနဲ့ကျွန်တော်တို့ဒဏ်ရိုက်လေ့ရှိပါတယ်။ ဆက်လက်ပြီး ဥက္ကဋ္ဌကြီးကိုတင်ပြလိုတာက ကျွန်တော်တို့ ဒီဥပဒေမှာပါတဲ့အချက်သုံးချက်မှာ နှစ်ချက်က တကယ် Practicable မဖြစ်ပါဘူး။ တကယ်လုပ်လို့မရတဲ့ကိစ္စတွေဖြစ်နေပါတယ်။ အဲဒီတော့ ဒီဥပဒေကို ကျွန်တော်တို့ပြင်ဆင်ဖို့ရယ်၊ နည်းဥပဒေမှာ ပြန်လည်ပြင်ဆင်ဖို့လည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆက်သွယ်ရေးလုပ်ငန်းနဲ့ပတ်သက်လို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းပေးနေတဲ့ Service Provider တွေကနေပြီးတော့ မလျော်မကန်လုပ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ကျွန်တော်တို့က တရားစွဲလို့ရတဲ့အခြေအနေ မရှိပါဘူး။ ဒါပေမဲ့ ခုနပြောသလို ပုဒ်မ ၆၆(ဃ)နဲ့ဆိုရင်တော့ တစ်မျိုးဖြစ်နိုင်ပါတယ်။ ဒါကိုအသုံးချပြီး ပြန်လုပ်ရင်တော့ ရနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ အလေးထားပြီးတော့ ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အခုကတော့ မလျော်မကန်ဖြတ်တောက်မှုတွေက ဖြစ်ပေါ်နေပြီဆိုတာ ပေါ်ပေါက်နေပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒါကိုဘယ်လို ဖိဖိစီးစီးအရေးယူ ဆောင်ရွက်မယ်ဆိုတဲ့ အပိုင်းတွေလည်း ဒါ ဝန်ကြီးဌာနအနေနဲ့ အလျင်အမြန်ဆောင်ရွက်ပေးဖို့ လိုမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အားလုံးနဲ့သက်ဆိုင်တဲ့မေးခွန်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက်အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးသည် ရာသီဥတုကြောင့် ဆွေးမြည့်ပျက်စီးနေပါသဖြင့် အမြန်ဆုံးအသစ်ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးများ အဆောက်အဦမှာ ပျဉ်ခင်း၊ ပျဉ်ကာသာဖြစ်သည့်အပြင် နှစ်ကာလကြာမြင့်ပြီး ဆွေးမြေ့ပျက်စီးနေပါသဖြင့် အမြန်ဆုံးဆောက်လုပ်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံ၏မြောက်ဘက်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၄၆၈၀ တွင်တည်ရှိတဲ့ တောင်ပေါ်မြို့လေး တစ်မြို့ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် ဌာနဆိုင်ရာရုံး ၁၉ ရုံးရှိပြီး ကျေးရွာအုပ်စု ၂၃ အုပ်စုရှိပါတယ်။ ဌာနဆိုင်ရာရုံးအများဆုံးမှာ ဒေသတွင်ထွက်ရှိသည့် ပျဉ်ခင်း၊ ပျဉ်ကာအဆောက်အဦများသာ

ဖြစ်ပြီး နှစ်စဉ်မိုးများရွာသွန်းတဲ့အတွက် မိုးဒဏ်လေဒဏ်ကြောင့် မကြာခဏပျက်စီးကာ ပြုပြင်ထိန်းသိမ်းနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါမြန်မာ့ဆက်သွယ်ရေးတာဝါတိုင်ဖြစ်ပါတယ်။ ဒီဟာတွေက ရာသီဥတုကြောင့် အမိုးအကာတွေ မလုံလို့ စက်ပစ္စည်းတွေ၊ ဆက်စပ်ပစ္စည်းတွေ စက်ခန်းရဲ့အောက်မှာ ထားရှိမောင်းနှင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာက မြန်မာ့ဆက်သွယ်ရေးစာတိုက်ဖြစ်ပါတယ်။ ဒီဟာတွေက အောက်ခြေတိုင်တွေကတော့ ဆွေးမြေ့ပျက်စီးပြီး အမိုးတွေ၊ အကာတွေ မလုံတဲ့အဆောက်အဦတွေ ဖြစ်ပါတယ်။ အဆိုပါမြန်မာ့ဆက်သွယ်ရေးအဆောက်အဦမှာ ခေါင်လန်ဖူးမြို့နှင့် ပူတာအိုလမ်းမကြီးဘေးတွင်တည်ရှိပြီး အဆောက်အဦတစ်ခုလုံးမှာ ပျဉ်ခင်း၊ ပျဉ်ကာအဆောက်အဦများသာ ဖြစ်သည့်အတွက် များစွာဟောင်းနွမ်းပျက်စီးနေပါသဖြင့် အမြန်ဆုံးဆောက်လုပ်ပေးရန် လိုအပ်နေသော အဆောက်အဦလည်းဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနမှ အနည်းအကျဉ်းသာပြင်ထားပြီး လိုအပ်ချက်များစွာရှိနေသည်ကိုလည်း တွေ့ရှိနေရပါတယ်။ အဆောက်အဦတစ်ခုလုံးမှာလည်း မိုးမလုံ၊ လေမလုံဖြစ်ကာ စက်ပစ္စည်းများမှာလည်း ပုံတွင်တွေ့မြင်ရတဲ့အတိုင်း မြင်နေရပါသဖြင့် ရုံးဌာနအဆောက်အဦနှင့် သင့်တော်သောအဆောက်အဦဖြစ်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးနှင့်ပတ်သက်သည့် အဆောက်အဦများအား အမြန်ဆုံးဆောက်လုပ်ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးသည် ရာသီဥတုကြောင့် ဆွေးမြေ့ပျက်စီးနေပါသဖြင့် အမြန်ဆုံးအသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်ရှိ မြေအကျယ် အလျား ၂၀၀ ပေ x အနံ ၈၀ ပေ၊ ဧရိယာအားဖြင့် ၀.၂၆၇ ဧကရှိသောဝန်းအတွင်း ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဖြင့် စာတိုက်ရုံး၊ စာတိုက်ဝန်ထမ်း

အိမ်ရာ၊ CDMA-450 MHz စခန်း ယခင် ကြေးနန်းရုံး ဖြစ်ပါတယ်။ မီးစက်ခန်း ယခင်က ကြေးနန်းဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ စုစုပေါင်း အဆောက်အဦလေးလုံးတို့ကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး သက်တမ်းအားဖြင့် ၂၂ နှစ်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် CDMA-450 MHz စခန်းနှင့် မီးစက်ခန်းအဆောက်အဦတို့ကို မပြုပြင်မီတွေ့မြင်ရတာ ဖြစ်ပါတယ်။ ပုံမှာ CDMA-450 MHz စခန်းနှင့် မီးစက်ခန်းတို့မှာ သဘာဝဘေးဒဏ်ကြောင့် အဆောက်အဦ၏အမိုး၊ နံရံနှင့် ကြမ်းခင်းတို့မှာ ဟောင်းနွမ်းဆွေးမြေ့ပျက်စီးလျက်ရှိပါတယ်။ ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ခေါင်လန်ဖူးမြို့နယ်ရှိ CDMA-450 MHz စခန်းနှင့် မီးစက်ခန်းအဆောက်အဦတို့၏ပျက်စီးယိုယွင်းလျက်ရှိသော အမိုး၊ နံရံနှင့် ကြမ်းခင်းတို့အားပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် Kinetic Co.,Ltd နှင့် ၁၅-၆-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခဲ့ပြီး ၃၀-၆-၂၀၁၈ ရက်နေ့တွင် ပြုပြင်ခြင်းလုပ်ငန်းများ စတင်ခဲ့ပါတယ်။ ၁၀-၉-၂၀၁၈ ရက်နေ့မှာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ဒီပုံကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် CDMA-450 MHz စခန်းနှင့် မီးစက်ခန်းအဆောက်အဦတို့ကို ပြုပြင်ပြီးနောက် တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဆက်လက်ပြီးတော့တင်ပြလိုတာကတော့ စာတိုက်လုပ်ငန်းဟာ ယခင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ကြီးကြပ်မှုအောက်မှာရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီးတော့ မြန်မာ့စာတိုက်လုပ်ငန်းဟာ နိုင်ငံတော်ပိုင်လုပ်ငန်းအဖြစ် သီးခြားရပ်တည်ဆောင်ရွက်ခဲ့ရာခွဲဝေချထားပေးသော ပြည်ထောင်စုရန်ပုံငွေဖြင့် အသုံးစရိတ်များကို ကျခံသုံးစွဲရပါတယ်။ ဒီပုံကတော့ မြန်မာ့စာတိုက်လုပ်ငန်းပိုင် လက်ရှိစာတိုက်ရုံးနှင့် စာတိုက်ဝန်ထမ်းအိမ်ရာအဆောက်အဦပုံတို့ ဖြစ်ပါတယ်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် စာတိုက်ရုံး ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးတစ်ထပ်အဆောက်အဦအား နယ်မြေဒေသအခြေအနေနှင့်ကိုက်ညီမည့် အဆောက်အဦအသစ် အစားထိုးဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆက်လက်ဆောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၅-၂-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊

အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိကလေးများ၏ မူကြိုပညာရေး အတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများလေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက် ထည့်သွင်းပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ (၃၁-၁-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများလေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်ရှစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းဖြစ်ပါတယ်။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်ရဲ့အဆိုကို ဆွေးနွေးထောက်ခံအကြံပြုသွားမှာဖြစ်ပါတယ်။ အဆိုရှင်က သုံးနှစ်မှငါးနှစ်ကလေးများရဲ့ မူကြိုပညာရေးကိစ္စမှာ စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးရေးကိစ္စနှင့် မူကြိုကျောင်းတွေမှာ အာဟာရကျွေးမွေးပေးရန်ကိစ္စဆိုပြီးတော့ ခေါင်းစဉ်နှစ်ခုပါတာကို တွေ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစွမ်းရည်ပြည့်ဝတဲ့ဆရာမများ လေ့ကျင့်သင်ကြားပေးရေးကိစ္စကို ဦးစားပေးပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ပုံမှာပြထားတဲ့ အတိုင်း မူကြိုကျောင်းမရှိတဲ့အခြေအနေကို ပြတာဖြစ်ပါတယ်။ အကူးအပြောင်းကာလလို့ခေါ်ပါ တယ်။ အကူးအပြောင်းကာလ Transition ရဲ့ ပထမဦးဆုံးဖြစ်တဲ့ ငါးနှစ်ပြည့်ပြီးတဲ့ ကလေးတစ် ယောက် အိမ်ကနေပြီးတော့ မူလတန်းကျောင်း၊ သူငယ်တန်းကျောင်းကို စပြီးတော့ကူးပြောင်းသွားတဲ့ အချိန်မှာ ပထမဦးဆုံးအကူးအပြောင်းကာလဖြစ်တဲ့ သူငယ်တန်းရဲ့ပထမဦးဆုံးနေ့ဟာ သူ့အတွက် စိတ်ဒဏ်ရာအကြီးအကျယ်ရစေတယ်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဆိုတော့ အဲဒီမှာ ကလေးဟာ သံယောဇဉ်ကို ဖြတ်ခဲ့ရပါတဘ်။ သံယောဇဉ်ဆိုတာ သူ့အိမ်မှာရှိနေတဲ့ မိဘတွေ၊ သူ့ရဲ့အဖေ၊ အမေ၊ သူ့ရဲ့အဖိုး၊ အဖွားစတဲ့ ဆွေမျိုးတွေ၊ သူ့ရဲ့အစ်ကို၊ အစ်မ၊ ညီ၊ ညီအစ်မတွေဖြစ်ဖြစ် နောက် အိမ်မှာ သူမွေးထားတဲ့ သူ့ရဲ့ချစ်တဲ့ ခွေးလေး၊ ကြောင်လေးတွေကို သံယောဇဉ်ဖြတ်ခဲ့ရတဲ့ နေ့ဖြစ်ပါတယ်။ ခွဲခွာမှုဆိုတဲ့ အားငယ်စိတ်၊ သိမ်ငယ်စိတ်၊ ကြောက်ရွံ့စိတ်၊ ဆုံးရှုံးသွားတဲ့စိတ်လေးတွေသူ့မှာ ခံစားရပါ တယ်။ ဓိတ်ဓာတ်ကျသွားတယ်။ ဝမ်းနည်းမှုနဲ့သူကြုံတွေ့ရပါတယ်။ နောက်ပထမဦးဆုံးရဲ့ အကူး အပြောင်းကာလဖြစ်တာဟာ သူ့အတွက်အသစ်အဆန်းတစ်ခုလို ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီ အခက်အခဲတွေကြောင့် သူ့မှာစိုးရိမ်စိတ်တွေ၊ ကြောက်စိတ်တွေ သူခံစားရပါတယ်။ နောက်ပြီးတော့ စိတ်ထိခိုက်တဲ့အတွက် စိတ်အားငယ်တယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုမရှိဘူးဆိုတဲ့ စိတ်ဒဏ်ရာကို ပေးလိုက်တာ ဖြစ်ပါတယ်။ ဒါဟာ ပထမဦးဆုံးရဲ့ အကူးအပြောင်းကာလ ခံစားချက်ဖြစ်ပါတယ်။ အဲဒီလို မူလတန်းကျောင်းက သူငယ်တန်း ပထမဦးဆုံး အကူးအပြောင်းကာလရဲ့ စိတ်ဒဏ်ရာသည် အကူး အပြောင်းကာလဖြစ်တိုင်းဖြစ်တိုင်း အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်၊ နောက်ပြီး တော့ အလုပ်ခွင်ဝင်တဲ့အထိကို အဲဒီအကူးအပြောင်းကာလရဲ့ စိတ်ဒဏ်ရာဟာ ကလေးတစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံးကို ထိခိုက်သွားစေပါတယ်။ နောက်ဆုံးအသက် ၆၀၊ ၇၀ အထိကို ဒီကလေးဟာ အဲဒီစိတ်ဒဏ်ရာရသွားစေပြီးတော့မှ သူငယ်ပျံတာတို့ဘာတို့ ဖြစ်တဲ့အဆင့်ထိ ဖြစ်သွားစေပါတယ်။ ဒါဟာမူကြိုကျောင်းမရှိတဲ့ အကျိုးဆက်ဖြစ်ပါတယ်။ နောက်တစ်ခုက မူကြိုကျောင်းရှိတဲ့ အနေအထား မျိုးဖြစ်ပါတယ်။ ကလေးတစ်ယောက်ဟာ သုံးနှစ်ပြည့်ပြီးရင် မူကြိုကျောင်းကို သွားရပါတယ်။ အကူး အပြောင်းကာလလေးမှာ။ မူကြိုကျောင်းမှာ မူလတန်းကိုမတက်ခင်ကြိုတင်ပြီးတော့မှ အဆင်သင့် ဖြစ်မှုဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ မူကြိုကျောင်းမှာ ကလေးအတွက် လုံ့ဆော်မှုရှိတဲ့ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးဖို့လိုအပ်ပါတယ်။ အဲဒီမှာ ကလေးရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တွေကို ကျောင်းမှာလေ့ကျင့်ပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ ကလေးရဲ့ဦးနှောက်ဖွံ့ဖြိုးမှုကို

အများကြီးလုပ်ပေးလို့ရတဲ့နေရာမျိုး ဖြစ်ပါတယ်။ ဒါဟာ လှုံ့ဆော်မှုရှိတဲ့ ပတ်ဝန်းကျင်လို့ခေါ်ပါတယ်။ ကျောင်းမှာ ကျောင်းတွင်းကျောင်းပြင် Learning ဆိုတဲ့ သင်ယူရန်များလုပ်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ကျွမ်းကျင်တဲ့ဆရာဆရာမဖြစ်ဖို့ လိုအပ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဆရာဆရာမကို လေ့ကျင့်ပျိုးထောင်ပေးဖို့ဟာ ဒီနေရာမှာ အင်မတန်အရေးကြီးပါတယ်။ ကလေးရဲ့ စိတ်ပညာဘာသာရပ်ကို သိဖို့လိုအပ်တယ်။ သင်တန်းတွေအများကြီးတက်ဖို့ လိုအပ်ပါတယ်။ မွမ်းမံသင်တန်းတွေတက်ဖို့ လိုအပ်ပါတယ်။ ဒါလှုံ့ဆော်မှုရှိသောပတ်ဝန်းကျင်ကို ဖန်တီးပေးဖို့ အခြေအနေ အနေအထားမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ ကလေးကို စာသင်ဖို့မလိုအပ် ပါဘူး။ စာသင်ပြီးတော့မှ နေရမယ့်အနေအထားဟာ ကလေးအတွက် အဆင်သင့်မဖြစ်သေးတဲ့ အရွယ်များဖြစ်ပါတယ်။ အချို့ကျောင်းတွေက ဒီနေရာမှာ မူကြိုကျောင်းမှာစာသင်နေတာကို တွေ့ရပါ တယ်။ ဒါမှားယွင်းတယ်လို့ ကျွန်တော်တို့တွေ့ရပါတယ်။ နောက်ကျွန်တော်တို့ ကစားခြင်းမရှိရင် ဖွံ့ဖြိုးခြင်းမရှိဘူးဆိုတဲ့ အနေအထားမှာလည်းပဲ ဒီမူကြိုကျောင်းကဆရာဆရာမတွေအပေါ်မှာ မူတည် ပါတယ်။ ဒါကလေးတွေကို များများကစားပေးဖို့ အခွင့်အရေးလိုအပ်ပါတယ်။ အဲဒီကနေပြီးတော့ ငါးနှစ်ပြည့်ပြီးမှသာလျှင် မူကြိုကျောင်းကနေ မူလတန်းကျောင်းကို ကူးပြောင်းစေပါတယ်။ အဲဒီအကူး အပြောင်းကာလလေးဟာ ကလေးအတွက် အင်မတန်ချောမွေ့စေပါတယ်။ ဖော်ပြပါခုနက မူကြိုကျောင်းမရှိတဲ့အခြေအနေနဲ့ အခုမူကြိုကျောင်းရှိတဲ့အခြေအနေ ငါးနှစ်ပြည့်ပြီးတဲ့ ကလေး မူလတန်းကျောင်းကို ရောက်လာလို့ရှိရင် အဲဒီကလေးနှစ်ယောက်ရဲ့ စွမ်းဆောင်ရည်၊ သူ့ရဲ့ဉာဏ် ပညာဖွံ့ဖြိုးမှုသည် အများကြီးကွာဟချက်ရှိနေတယ်ဆိုတာ လက်တွေ့အရ ကျွန်တော်တို့ သိခွင့်ရ ပါတယ်။ ဒါဟာကလေးရဲ့ အရေးပါတဲ့ ဖွံ့ဖြိုးမှုမိုင်တိုင်များဖြစ်ပါတဘ်။ မွေးဖွားပြီးတော့မှ ၁၈ နှစ်အထိ နောက် ၂၃ နှစ်အထိ ရေးထားပါတယ်။ လူမှုရေးဆိုင်ရာမှီခိုခြင်း၊ စိတ်ခံစားမှုဆိုင်ရာ ထိန်းချုပ်ခြင်း ဒါဆိုရင် နှစ်အများကြီးသူဖွံ့ဖြိုးနိုင်တယ်။ အမြင်အာရုံဖွံ့ဖြိုးခြင်း၊ အခြေခံဘာသာ စကားဖွံ့ဖြိုးခြင်း၊ ဒုတိယဘာသာစကားဖွံ့ဖြိုးခြင်း။

**ဥက္ကဋ္ဌ**။ ။ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အဆိုကို ထောက်ခံဆွေးနွေးမယ့် ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းခဲ့တဲ့အဆိုဟာ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးလာဖို့ ပြုစုပျိုးထောင်ရာမှာ အခြေခံအကျဆုံးအဆင့်ဖြစ်တဲ့ မူကြိုသင်ကြားရေးဆရာဆရာမများ စွမ်းရည်ပြည့်ဝစွာ သင်ကြားပေးနိုင်ရေးနှင့် မူကြိုအရွယ်ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုအထောက်အကူဖြစ်စေဖို့ အာဟာရတိုက်ကျွေးနိုင်ရန် လုံလောက်တဲ့ဘတ်ဂျက်ချထားပေးရေး တိုက်တွန်းထားတာဖြစ်တဲ့အတွက် မြန်မာလူ့အဖွဲ့အစည်းအတွက်ရော၊ လက်ရှိဖော်ဆောင်နေတဲ့ KG+12 ဖော်ဆောင်ရေးစနစ် ပိုမိုထိရောက်အောင်မြင်အောင် အထောက်အပံ့ဖြစ်စေတဲ့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအထိပါ ဆက်စပ်အကျိုးဝင်နေတဲ့ အဆိုတစ်ရပ်ဖြစ်တာကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးကိစ္စဟာ လူ့အသိုင်းအဝိုင်းအတွက် အလွန်တရာအရေးကြီးတဲ့ကိစ္စဖြစ်ပြီး အကျိုးအမြတ်ရှိလှတဲ့အတွက် အခြေခံပညာတစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုနှင့် ပညာရေးတို့ကို ကဏ္ဍတစ်ခုတည်းအနေနဲ့ လွှမ်းခြုံစဉ်းစားသင့်တယ်ဆိုတဲ့ နိုင်ငံတော်အတိုင်ပင်ခံရဲ့ ပြောကြားချက်ဟာလည်း ကလေးသူငယ်ဖွံ့ဖြိုးမှုနှင့် ပညာရေးကို တစ်ဆက်စစ်ဆက်တည်း စဉ်းစားသင့်ကြောင်း ထောက်ပြလမ်းညွှန်သွားတာ ဖြစ်ပါတယ်။ ဒါကြောင့် မူကြိုအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးမှာ သက်ဆိုင်ရာဝန်ကြီးဌာနက လုံလောက်တဲ့ဘတ်ဂျက်ချထားပေးရန် လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစကောင်းမှ အနှောင်းသေချာဆိုတဲ့ ဆိုရိုးစကားဟာ အရာခပ်သိမ်းမှာ မှန်ကန်နေပါလိမ့်မယ်။ အထူးသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်ဆက်စပ်နေတဲ့ ပညာရေးကဏ္ဍဟာပိုလို့ အကျုံးဝင်နေမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ မိသားစုတစ်ခုကအစ လူမှုအဖွဲ့အစည်းတစ်ခုလုံးရဲ့ လူ့ဘောင်လောက ဖွံ့ဖြိုးသာယာဖို့အထိပါ အရေးပါဆက်စပ်ဆက်နွယ်နေတဲ့ အကြောင်းတရားများဖြစ်ပါတယ်။ မကောင်းတဲ့အခြေခံအပေါ် တည်ဆောက်ထားတဲ့ မည်သည့်အရာမဆို ရေရှည်တည်တံ့နိုင်မှာမဟုတ်ပါဘူး။ အစပျိုးတဲ့ ကနဦးလုပ်ဆောင်ချက်များ တည့်မတ်မှန်ကန်နေဖို့လိုပါတယ်ဆိုတာကို ကျွန်တော်တို့နိုင်ငံရဲ့ နယ်ပယ်အသီးသီးရှိ သမိုင်းဖြစ်ရပ်များစွာက သင်ခန်းစာများစွာကို ချန်ထားရစ်ခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့် သက်တမ်းအကန့်အသတ်ရှိပြီး အသက်အပိုင်း

အခြားအလိုက် ပြုစုပျိုးထောင်ပေးရတဲ့ လူသားဘဝမှာ အခြေခံကောင်းဖို့ ပိုမိုလိုအပ်မှာဖြစ်ပါတယ်။ မှန်ကန်တဲ့ အလေ့အကျင့်၊ စရိုက်၊ စိတ်ဓာတ်၊ စည်းကမ်း လူသားဆန်တဲ့ကျင့်ဝတ်များ အသိပညာများကို လက်ခံနိုင်တဲ့ အသက်အပိုင်းအခြားအလိုက် လေ့ကျင့်သင်ကြားသွန်သင်ပေးမှသာ ကြီးပြင်းလာတဲ့ အခါ တန်ဖိုးရှိတဲ့လူသားများ ဖြစ်လာကြမှာဖြစ်တဲ့အတွက် ကနဦးလေ့ကျင့်သင်ကြားပျိုးထောင် ပေးရတဲ့လုပ်ငန်းစဉ်များအတွက် ထိရောက်စေဖို့ လုံလောက်တဲ့ဘတ်ဂျက်ချထားပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးစနစ်မူဝါဒကောင်းမွန်တဲ့ နိုင်ငံများမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးပြီးနိုင်ငံဖွံ့ဖြိုးတိုးတက်လာသလို ပညာရေးစနစ်လွဲချော်နေတဲ့ နိုင်ငံများဟာ ဖွံ့ဖြိုးမှုအားနည်း နေတာရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုအခြေခံအကျဆုံးအဆင့်ဖြစ်တဲ့ မူကြို အရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် KG+12 ပညာရေးစနစ်မှာ KG တန်းရဲ့သတ်မှတ်ချက်အရ ငါးနှစ်မှစတင်ဖြစ်တာဖြစ်တဲ့ သုံးနှစ်မှ ငါးနှစ်အသက်အပိုင်းအခြားရှိတဲ့ ကလေးငယ်များ ပြုစုပျိုးထောင်ရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနက ဘတ်ဂျက်ရန်ပုံငွေလျာထားပြီး အလေးထားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကလေး သူငယ်များအားလုံးသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အစီ အစဉ်များတွင် ပါဝင်ခွင့်ရခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုများရရှိလာမည့်အပြင် မူကြိုအရွယ်ကလေးသူငယ် များပြုစုစောင့်ရှောက်ရေး အစီအစဉ်တွင် ပညာရေးစနစ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံး အုတ်မြစ်ကို တည်ဆောက်ပေးခြင်းဖြစ်သဖြင့် အရေးကြီးဆုံးကဏ္ဍတစ်ခုဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ MICS ရဲ့ လေ့လာတွေ့ရှိချက်တစ်ရပ်မှာလည်း တိုင်းရင်းသားမျိုးနွယ်စုများအတွက် မူကြိုပညာရေးဆိုင်ရာလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း အဆိုပါမျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှင့်ဘာသာစကားများ အခြေခံပြီး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားများအကြား ပဋိပက္ခကာကွယ်နိုင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုကို ဖြစ်ပေါ်စေကြောင်းနှင့် တိုင်းရင်းသားကလေးများ၏ ပညာရေးရလဒ်ကိုလည်း မြင့်မားလာစေကြောင်းဖော်ပြထားတာ တွေ့ရှိရသဖြင့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ထောက်ခံရခြင်းဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းတဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိတဲ့ ကလေးများရဲ့မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများမှာ အာဟာရကျွေးမွေးပေးနိုင်ရန်အတွက် သင့်လျော်တဲ့ဘတ်ဂျက်ထည့်သွင်းပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားတဲ့အပိုင်းမှာ အပိုင်းနှစ်ပိုင်းတွေ့ရပါတယ်။ ပထမပိုင်းကတော့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းမှာရှိတဲ့ ကလေးများရဲ့မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ ဆရာဆရာမများနှင့် လေ့ကျင့်သင်ကြားပေးဖို့ပါ။ ဒုတိယပိုင်းကတော့ မူကြိုကျောင်းတွေမှာ အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်တဲ့ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးနိုင်ရန် တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့တန်ဖိုးအရှိဆုံးက လူသားအရင်းအမြစ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလူသားအရင်းအမြစ်တွေဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှပဲအရေးကြီးပါတယ်။ ရှေးဦးအရွယ်ကလေးတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ဒီကလေး မိခင်ဝမ်းထဲရှိစဉ်ကပဲ ဒီသန္ဓေသားလောင်းဘဝမှာကို ကျန်းမာရေးပြည့်ဝဖို့၊ အာဟာရပြည့်ဝဖို့ဟာ အလေးထားရမှာဖြစ်ပါတယ်။ ဒီအတွက် ကလေးမိခင်ဟာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာကို နားလည်ဖို့လည်း လိုအပ်ပါတယ်။ မွေးလာတဲ့ကလေးကိုလည်း သေသေချာချာပြုစုစောင့်ရှောက်ရမှာပါ။ ဒါမှ နောင်လာမယ့်အနာဂတ်မှာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေရမှာပါ။ ဒီရှေးဦးအရွယ်မူကြိုကလေးတွေကို ပြုစုပျိုးထောင်ပြီး ပညာရေးစွမ်းရည်လည်း မြင့်လာသည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှုသံသရာမှလည်း ကျော်လွှားနိုင်မှာပါ။ ကလေးသူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံ့အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ သုတေသနအားလုံးကဆိုပါတယ်။ စီးပွားရေးနိုဘယ်လ်ဆုရှင် Dr Heckman ရှေးဦးအရွယ်ကလေးစောင့်ရှောက်မှုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ရင်းနှီးမြှုပ်နှံခြင်းဖြစ်တယ်။ ဒီစီးပွားရေးအကျိုးအမြတ်က ၁၇ ဆအထိ အထောက်အကူဖြစ်စေတယ်လို့ တွက်ချက်ခဲ့ပါတယ်။ စောစောမြှုပ်နှံလေလေ၊ အကျိုးရှိလေလေ၊ အမြတ်ရလေလေ ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ဆရာဆရာမ

များနဲ့ လေ့ကျင့်သင်ကြားပေးဖို့ အရေးကြီးပါတယ်။ အရည်အချင်းမရှိသူများက အရည်အချင်းပြည့်ဝတဲ့ ပညာရေးကိုမဖော်နိုင်ပါဘူး။ အရည်အချင်းရှိသူများကသာ အရည်အချင်းပြည့်ဝတဲ့ ပညာရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ရှေးဦးပညာသင်ရေးနဲ့ ပတ်သက်ပြီးတော့ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတွေမှာလည်းပဲ ကလေးတစ်ယောက်အတွက် အခြေခံကောင်းမှ ဘဝတစ်သက်တာ ပညာရေးကောင်းနိုင်မယ်ဆိုတဲ့ မူတွေနဲ့ကြိုးစား နေကြပါတယ်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဆိုတဲ့ သဘောတရားတွေကို ဦးစွာဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်ပျိုးထောင်ကြပါတယ်။ ပညာရေးကို နိုင်ငံ့အရေးနဲ့ထပ်တူ အရေးကြီးဆုံးတစ်ခုအနေနဲ့ ဆောင်ရွက်ကြတယ်လို့ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်များရဲ့ ပထမဆုံးနှစ်ကာလတွေဟာ အလွန်အရေးကြီးတဲ့ နှစ်ကာလဖြစ်ပါတယ်။ ဦးနှောက်ဆဲလ်တွေဖွံ့ဖြိုးအားကောင်းနေတဲ့ အချိန်ဖြစ်တဲ့အတွက် တစ်စက္ကန့်မှာ ဦးနှောက်ဆဲလ်ပေါင်း ၁၀၀၀ ခန့်အလုပ်လုပ်နေတယ်လို့လည်း ဆိုပါတယ်။ ပြုစုပျိုးထောင်တတ်ဖို့လိုတဲ့အတွက် အခြေခံမကောင်းရင် တစ်သက်လုံးအခြေမခိုင်ဖြစ်သွားနိုင်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ်ဆိုတာလည်း ချမှတ်ပြီးဖြစ်ပါတယ်။ အာဟာရပြည့်ဝတဲ့အစားအစာများကို စားသုံးခဲ့ရတဲ့ကလေးငယ်တွေဟာ ပိုပြီးတော့ သင်ယူတတ်မြောက်ပြီးတော့ လူ့အဖွဲ့အစည်းကို ပိုမိုဝင်ဆံ့စေတယ်လို့လည်း ဆိုနိုင်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လ.ဝ.က၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒီဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်ခြင်း၊ NGO၊ INGO အဖွဲ့နဲ့ ရပ်ရွာပြည်သူလူထုပူးပေါင်း ဆောင်ရွက်ကာ ကလေးသူငယ်တွေအခြေအနေတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရင် ပိုမိုကောင်းမွန်တဲ့ အနေအထားတစ်ခုကို ရနိုင်မှာဖြစ်ပါတယ်။ ကလေးသူငယ်တွေရဲ့ အစောပိုင်း ရက် ၁၀၀၀ မှာ ကလေးတွေရဲ့ဦးနှောက်အားကောင်းဖွံ့ဖြိုးဖို့ အာဟာရလှူဆော်ပေးမှုနဲ့ ချစ်ခင်ကြင်နာမှု၊ မိဘများရဲ့ စောင့်ရှောက်မှုကလည်း အင်မတန်မှအရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ ငါးနှစ်အောက်ကလေးများရဲ့ ၄၂ နဲ့ ၄၅ ရာခိုင်နှုန်းဟာ ပုညက်ခြင်း၊ ဆင်းရဲမွဲတေခြင်းစတဲ့ အခြေအနေတွေနဲ့ ကြုံတွေ့နေရပါတယ်။ ကလေးများရဲ့အာဟာရချို့တဲ့မှုကြောင့် ရေရှည်အကျိုးဆက်ကတော့ အားကစားဘက်မှာ အောင်မြင်မှုတွေ လျော့နည်းလာတာပါပဲ။ ဒါဟာ ငယ်ငယ်က အာဟာရပြည့်ဝမှုမရလို့ပါပဲ။ ရှေးဦးအရွယ်ကလေးသူငယ်တွေပြုစုပျိုးထောင်ရေး ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒမှာ ရှေးဦးအရွယ်ကလေး

မူကြမ်း

သူငယ်များဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှု ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာကိုလည်း အရေးကြီးတဲ့မဟာဗျူဟာအဖြစ် ထည့်သွင်းပြဋ္ဌာန်းပြီးလည်းဖြစ်ပါတယ်။ သို့ပါ၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုရေးအတွက် ကျွမ်းကျင်တဲ့ဆရာဆရာမတွေနဲ့ လေ့ကျင့်သင်ကြားပေးခြင်း၊ ကလေးများအတွက် အာဟာရထောက်ပံ့ပေးခြင်းဟာ အရေးကြီးလာတဲ့အတွက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးသွားမှာကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့ သုံးနှစ်မှငါးနှစ်အရွယ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်မှာ ခေါင်းဆောင်ကောင်းတွေဖြစ်လာမယ့် ကလေးသူငယ်များကို အစကောင်းမှ အနှောင်းသေချာမည်ဟူသော ဆိုရိုးအတိုင်း ငယ်ရွယ်စဉ်အခါကတည်းက စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများနှင့် စနစ်တကျသင်ကြားပြုစုပေးနိုင်ခဲ့လျှင်နောင်အနာဂတ်မှာ အမှန်တကယ် တိုင်းပြည်အတွက်အားကိုးရသော နိုင်ငံချစ်ပုဂ္ဂိုလ်များ ပေါ်ထွက်လာမှာ မလွဲဧကန်ဖြစ်ပါတယ်။ လက်ဦးဆရာမည်ထိုက်စွ ပုဗ္ဗာစရိယမိနှင့်ဖဆိုသော စကားအတိုင်းကလေးသူငယ်များအတွက် မိဘသည် လက်ဦးဆရာဖြစ်ကြပါတယ်။ ဒါပေမဲ့ အခြေခံပညာမူလတန်းက အသက်ငါးနှစ်ပြည့်မှ စတင်အပ်နှံရမှာဖြစ်တဲ့အတွက် သုံးနှစ်မှငါးနှစ်အထိ ကလေးများကိုမူကြိုကျောင်းများတွင်အပ်နှံပြီး ပညာသင်ကြားခဲ့လျှင် အခြေခံပညာမူလတန်း စတက်ကတည်းကအချိန်ကစပြီးတော့ ကလေးသူငယ်များဟာ မကြောက်မရွံ့တော့ဘဲ အစစအရာရာရင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သုံးနှစ်မှငါးနှစ်အတွင်းရှိ ကလေးများရဲ့မူကြိုပညာရေးဟာ အလွန်ပဲ

အရေးကြီးလှပါတယ်။ မူကြိုကျောင်းများတွင် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများနှင့် လေ့ကျင့်ပညာသင်ကြားပေးခြင်းအားဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးကို ဆက်လက်သင်ကြားရာတွင် အလွန်အထောက်အကူပြုမှာ ဖြစ်ပါတယ်။ သုံးနှစ်မှငါးနှစ်အတွက် မူကြိုကလေးများကို စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများနှင့် လေ့ကျင့်သင်ကြားပေးရုံဖြင့် မလုံလောက်ပါဘူး။ ကလေးသူငယ်များ ကျန်းမာရေးကောင်းမွန်စေရန်အတွက် အာဟာရပြည့်ပြည့် ဝဝရှိဖို့လည်း လိုအပ်ပါတယ်။ အာဟာရပြည့်ဝဖို့ဆိုတာ ငွေကြေးရှိမှဖြစ်မှာပါ။ နိုင်ငံတော်အစိုးရနှင့် မူကြိုကျောင်းများရှိကလေးများကို အာဟာရကျွေးမွေးရန်အတွက် အစိုးရမှစီမံချက်ချပြီး ရန်ပုံငွေများ ထည့်သွင်းလျာထားပေးရန် အထူးလိုအပ်လှပါတယ်။ အဆိုရှင်တင်ပြတဲ့အထဲမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက်ငါးနှစ်အောက်ကလေးဟာ ၄.၅ သန်းရှိတဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူထားတဲ့ မူကြိုကျောင်းအရေ အတွက်ဟာ လုံလောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ မူကြိုကျောင်းအများစုဟာ မြို့ပေါ် မှာပဲရှိပြီး ကျေးရွာများမှာ အလွန်ပင်နည်းပါးလှပါတယ်။ ဝေးလံခေါင်ဖျားသောကျေးရွာများမှာ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုထောက်ပံ့မှုရတဲ့ မူကြိုကျောင်းများထွက်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ နိုင်ငံတော်တစ်ဝန်းလုံးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသိအမှတ်ပြုကျောင်း များစွာပေါ်ထွက်လာဖို့ဆိုတာကလည်း နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီပေးမှသာလျှင် မူကြို ကျောင်းများဖွင့်ရုံမျှဖြင့် လုံလောက်မှုမရှိသေးပါ။ ကလေးများကျန်းမာရေးကောင်းမွန်ပြီး ဉာဏ်ရည် ထက်မြက်ဖွံ့ဖြိုးတိုးတက်ဖို့ကလည်း အရေးကြီးလှပါတယ်။ အာဟာရပြည့်ဝဖို့အတွက် ခွင့်ပြု ရန်ပုံငွေချထားပေးဖို့ကလည်း အရေးကြီးပါတယ်။ မူကြိုကျောင်းများတွင် သင်ကြားပေးမယ့် ဆရာဆရာမများကလည်း စွမ်းဆောင်ရည်ပြည့်ဝဖို့ အလွန်အရေးကြီးပါတယ်။ အစစအရာရာ၊ အဘက်ဘက်မှ ကောင်းမွန်ပြည့်စုံဖို့အတွက် အဆိုရှင်တင်ပြတဲ့အတိုင်း နိုင်ငံတော်အစိုးရမှ ခွင့်ပြု ရန်ပုံငွေများ ချထားပေးနိုင်ပါရန် အကြံပြုပါတယ်။ အဆိုရှင်တင်ပြထားတဲ့ သုံးနှစ်မှငါးနှစ်အရွယ် ကလေးများအရွယ် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများပြည့်စုံတဲ့ မူကြိုကျောင်းများ ပေါ်ထွက်လာစေရန် အာဟာရပြည့်ဝရေးအတွက် နိုင်ငံတော်အစိုးရမှာတင် တာဝန်ရှိတာမဟုတ်ပါဘူး။ ကျေးရွာများမှလည်း ပံ့ပိုးပေးဖို့ကလည်း လိုအပ်ပါတယ်။ အစိုးရနှင့် NGO များ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပေးမည်ဆိုလျှင် အဆိုရှင်တင်ပြတဲ့ ရည်ရွယ်ချက်အောင်မြင်မှု မလွဲဧကန်ဖြစ်မှာပါ။ မွေးစမှ ငါးနှစ်ကလေးအတွက် ရှေးဦးအရွယ်ကလေးပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စစ်ဆေးပံ့ပိုးသည့်ဝန်ဆောင်မှုများဆိုတဲ့အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန အခြားသောဝန်ကြီးဌာနများ ပူးပေါင်းကာ မူဝါဒဆိုင်ရာအချက်အလက်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် အောင်မြင်မှုရှိလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အဆိုရှင်တင်ပြတဲ့ အသက်သုံးနှစ်မှငါးနှစ်အရွယ်ကလေးများ ကျန်းမာသန်စွမ်းပြီး စာရိတ္တကောင်းမွန်တဲ့ကလေးများ ဖြစ်လာရန်အတွက် နိုင်ငံတော်အစိုးရသာမက တာဝန်ရှိသူနိုင်ငံသူနိုင်ငံသားအားလုံး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်သာမက လွှတ်တော်ကိုယ်စားလှယ်များပါ ပူးပေါင်းကူညီဆောင်ရွက်ပေးပါရန် တိုက်တွန်းရင်း ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့ အသက်သုံးနှစ်မှငါးနှစ်အရွယ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်တော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုး။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ကျွန်မဆွေးနွေးမယ့်အကြောင်းအရာကတော့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းရည် ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများမှာ အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်တော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး တင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံသုံးသပ်ဆွေးနွေးသွားပါမယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုကိုသုံးသပ်တင်ပြရရင် မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးရန် မူကြိုကျောင်းများမှာ အာဟာရကျွေးမွေးနိုင်ရန်တို့မှာ အဓိကအားဖြင့် နိုင်ငံတော်၏ဘတ်ဂျက်သုံးစွဲနိုင်ရေးပဲ ဖြစ်ပါတယ်။ အဆိုရှင်ကလည်း သင့်တော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးရန် တိုက်တွန်းထားခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်သုံးစွဲနိုင်မှုများမှာလည်း အစိုးရသုံးစွဲနိုင်တဲ့ပမာဏဟာ အကန့်အသတ်ရှိပါတယ်။ ဒါ့ကြောင့် ရွေးချယ်မှုပြုရမှာဖြစ်ပြီး ထိရောက်မှုရှိဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ အဆိုမှာပါဝင်တဲ့ မူကြိုကျောင်းသားများအတွက် (၁)မြန်မာ့လူ့အဖွဲ့အစည်းက ဘယ်လိုများတန်ဖိုးထားသလဲ၊ (၂) နိုင်ငံတော်ရဲ့မူဝါဒက ဘယ်လိုရှိသလဲဆိုတာကို ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့တင်ပြချက်ထဲက အချက်(၁)ကို ရှင်းလင်းတင်ပြရရင် ရှေးဦးကလေးသူငယ်နှင့် မူကြိုကလေးသူငယ်ကျောင်းသားများအား မိမိနိုင်ငံအတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး လူသားအရင်းအမြစ်ဖြစ်ကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြထားတာကိုလည်း အဆိုရှင်ကတင်ပြထားပြီးဖြစ်ပါတယ်။ အချက်(၂)မှာလည်း အဆိုနဲ့သက်ဆိုင်တဲ့ နိုင်ငံတော်ရဲ့မူဝါဒက ဘယ်လိုရှိပါသလဲဆိုတာကို ရှင်းလင်းတင်ပြရရင် ၂၀၁၄ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒထဲက ကောက်နုတ်တင်ပြရရင် မွေးစကနေ ငါးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းရေးဆွဲပြီးတော့ ဝန်ဆောင်မှုများကို တိုးချဲ့မြှင့်တင်ရန်လိုအပ်ပါတယ်။ သုံးနှစ်ကနေ လေးနှစ်အရွယ်ကလေးများအတွက် နှစ်နှစ်တာမူကြိုပညာရေးအစီအစဉ်ကို ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါတယ်။ မူကြိုပညာရေးအတွက် ဘတ်ဂျက်ခွဲဝေသတ်မှတ်ရပါမယ်။ မူကြိုအဆောက်အဦမှာ ကလေးများနဲ့သင့်လျော်တဲ့ ပရိဘောဂ၊ ကစားစရာပစ္စည်းများ၊ ရေကောင်းရေသန့်၊ မူကြိုဆရာမလစာအစရှိသည်များကိုလည်း ဖြည့်ဆည်းရပါမယ်လို့ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တကယ့်လက်တွေ့ဘဝနဲ့ ဖြစ်ချင်တဲ့ဆန္ဒများ တစ်ထပ်တည်းမကျပုံကတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဘားအံမှာဆိုရင် Safe the Children ဖြစ်တဲ့ INGO အဖွဲ့အစည်းက ECCD မူကြိုကျောင်းတွေကို ကျေးရွာပေါင်း ၃၅ ရွာမှာဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းတစ်ကျောင်းမှာ ဆရာဆရာမသုံးဦးစီခန့်ထားပါတယ်။ ဆရာဆရာမတစ်ဦးကို အနည်းဆုံးလစာ တစ်လ ၅၀၀၀၀ ပံ့ပိုး

ပေးပါတယ်။ ကျေးရွာနှင့် INGO အဖွဲ့အစည်းက တစ်ဝက်စီကျခံပြီး မူကြိုကျောင်း ဖြစ်မြောက်အောင်၊ လူသားအရင်းအမြစ်များမဆုံးရှုံးအောင် ထိန်းသိမ်းစီမံစောင့်ရှောက်ခဲ့ပါတယ်။ သို့သော်လည်း နှစ်ရှည်ကြာလာတော့ ကျေးရွာပံ့ပိုးမှုတွေက အားနည်းလာတာကြောင့် ဆရာဆရာမ များကို လစာမပေးနိုင်၊ ဆရာဆရာမများကလည်း ကလေးများကိုစိတ်ဝင်တစားစာသင်ကြားနိုင်ခြင်း မရှိဘဲနဲ့ မူကြိုကျောင်းများဟာ ပျက်ရမယ့်အခြေအနေတွေဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်တင်ပြပါတင်ပြချက်များအပေါ်မှာ ကျွန်မရဲ့မဲဆန္ဒနယ်အပါအဝင် ကရင်ပြည်နယ်ကို ဥပမာပြုတင်ပြလိုပါတယ်။ Power Point တင်ပြခွင့်ပြုပါရှင်။ Power Point ပါ တင်ပြချက်များဟာ ကရင်ပြည်နယ်မှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ Safe the Children (INGO)အဖွဲ့အစည်းကနေပြီး ကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်နဲ့ပတ်သက်ပြီး တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေမှုများကို တင်ပြထားခြင်းပဲဖြစ်ပါတယ်။ ဒီလိုတင်ပြရခြင်းဟာ ကရင်ပြည်နယ်မှာ ရှေးဦးကလေးသူငယ်များကို တန်ဖိုးထားခြင်းအား ပြသခြင်းပဲဖြစ်ပါတယ်။ အဲဒီလို တစ်နိုင်တစ်ပိုင် မျှသာ ဆောင်ရွက်နိုင်မှုတွေရှိပြီးတော့ ဘတ်ဂျက်ရဲ့လိုအပ်ချက်တွေများစွာရှိနေခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့်တော့ မဆောင်ရွက်နိုင်ပါဘူး။

ဒါကြောင့် ကျွန်မတို့ရဲ့ ကရင်ပြည်နယ်ကဲ့သို့ အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းသားများနေထိုင်ရာဒေသတွေမှာလည်း လိုအပ်ချက်များစွာရှိနေကြောင်း ထောက်ပြအပ် ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးထားမှုများကို နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ

လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်တော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမပိုင်း ဖြစ်တဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်ဆိုတဲ့အချက်အပေါ်မူတည်ပြီး ကျွန်မရဲ့မဲဆန္ဒနယ်ကို အခြေခံကာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က တိုင်းပြည်တည်ဆောက်ရေးမှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ လူသားအရင်းအမြစ်ကို စတင်ပြုစုပျိုးထောင်ပေးဖို့ ရည်ရွယ်တာဖြစ်ပြီး အင်မတန်အရေးကြီးတဲ့အဆိုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဘဝတစ်သက်တာမှာ ရှေးဦးအရွယ် ကလေးများဟာ ဦးနှောက်ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန် ဖြစ်ပါတယ်။ ထိုအရွယ်ကလေးများဟာ ဖယောင်းတိုင်ကလေးများကဲ့သို့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လိုသလိုအကောင်းဆုံးပုံသွင်းယူနိုင်တဲ့ အရွယ်လည်းဖြစ်ပါတယ်။ အထူးသဖြင့် ဦးနှောက်နှင့်ပတ်သက်သော ဖွံ့ဖြိုးမှု၊ မသန်စွမ်းမှုနှင့် ပတ်သက်သောရောဂါဖြစ်ပါက စောစီးစွာသိရှိကုသလေ့ကျင့်လျှင် ၃ ဆမှ ၁၇ ဆအထိ တိုးတက် အောင်မြင်နိုင်ကြောင်း၊ အသက်ငါးနှစ်ကျော်သွားလျှင်မူ ပြုပြင်ရ၊ ကုသရအင်မတန်ခက်ခဲသွားသည် ကို စစ်တမ်းများအရလေ့လာသိရှိရပါတယ်။ ၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ အသက် ငါးနှစ်အောက်ကလေးများဟာ ၄.၅ သန်းရှိတဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူထားတဲ့ မူကြိုကျောင်းအရေအတွက် ၁၀၀၀ ခန့်လောက် နှင့် လုံလောက်မှုမရှိတာ၊ လိုအပ်ချက်တွေများလွန်းနေတာ အဆိုရှင်ကထုတ်ပြသွားပါတယ်။ ဒီနေရာမှာ ကျွန်မတို့ချင်းပြည်နယ်ရဲ့ပကတိအခြေအနေကို ဆွေးနွေးတင်ပြမယ်ဆိုရင် မူကြိုပညာရေး အတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများလေ့ကျင့်သင်ကြားပေးပါရန် မူကြိုကျောင်းအတွက် လိုအပ်ချက်ဖြစ်နေပြန်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ် ထန်တလန်မြို့နယ်မှာတော့ ကျေးရွာပေါင်း ၉၁ ရွာ ရှိပြီး ၁၁ ရွာမှာ ကိုယ်ထူကိုယ်ထမူကြို ကျောင်းရှိပြီး ကျန် ၈၀ ရွာမှာ မရှိသေးပါ။ ၎င်းကိုယ်ထူ ကိုယ်ထမူကြိုကျောင်းရှိ ၁၁ ရွာကို ဌာနမှ ဆရာဆရာမနှစ်ယောက်စီခန့်ထားပြီး တစ်ဦးလျှင် ထောက်ပံ့ကြေး တစ်နှစ်သုံးသိန်း၊ နှစ်ဦးအတွက် တစ်နှစ်လျှင် ထောက်ပံ့ကြေးခြောက်သိန်း ထောက်ပံ့ ပေးရပါတယ်။ ဆရာဆရာမများဟာ ရှေးဦးအရွယ်ပြုစုစောင့်ရှောက်ရေးသင်တန်းများ၊ ဆွေးနွေး ပွဲများ တက်ရောက်ဖူးခြင်းမရှိကြတဲ့အပြင် ရပ်ရွာမိဘများမှ ထိုက်သင့်သောလစာမပံ့ပိုးနိုင်သော

ကြောင့် နုတ်ထွက်မှုမြင့်မားနေပြီး ကလေးများကို သင်ကြားပေးမှု၊ စောင့်ရှောက်မှုပိုင်းတွင် လစ်ဟာမှုများ ကြုံတွေ့နေရပါတယ်။

ဆရာဆရာမများဟာ ကလေးဖွံ့ဖြိုးမှုဆိုင်ရာဘာသာရပ်၊ ကလေးစိတ်ပညာဘာသာရပ်နှင့် ကလေးများ၏ဘက်စုံဖွံ့ဖြိုးမှုကိုနားလည်တတ်ကျွမ်းစိတ်ဝင်စားသောသူများ ဖြစ်သင့်ပါတယ်။ မြို့ပြတွေမှာ မူကြိုကျောင်းတွေ လုံလုံလောက်လောက်ရှိပြီး သုံးနှစ်အရွယ်မှာ မူကြိုပညာရေးစတင်သင်ကြားနေချိန်မှာ ကျွန်မတို့ချင်းပြည်နယ်မှာတော့ သင်ကြားခွင့်မရတဲ့သူများနေပါတယ်။ ဒီနေရာမှာ ကျွန်မဆွေးနွေးချင်တာကတော့ ရွာတိုင်းမှာမူကြိုကျောင်းမဖွင့်ပေးနိုင်ရင်တောင်မှ အိမ်ခြေ ၅၀ အထက်ရှိ ရွာများသော်လည်းကောင်း၊ တကယ်လိုအပ်သည့် နေရာဒေသရွေးချယ်၍သော်လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် လက်ရှိအစိုးရရဲ့မူဝါဒထဲမှာပါတဲ့ မြို့ပြနှင့်ကျေးလက်ကွာခြားချက် ရေရှည်မှာနည်းသွားစေမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ အရေးအကြီးဆုံး အသက်အရွယ်မှာရှိနေတဲ့ ဒီကလေးတွေကိုပြုစုထိန်းသိမ်းဖို့ဆိုတာ တကယ့်ကိုစနစ်တကျသင်ယူလေ့လာထားတဲ့ ပညာရှင်တွေလက်ထဲမှာစနစ်တကျလေ့ကျင့်စောင့်ရှောက်ဖို့အတွက် အင်မတန် အရေးကြီးလိုအပ်နေပါတယ်။ သက်ဆိုင်ရာဒေသရှိ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် လျော်ညီစွာ ဒေသသုံးဘာသာစကားဖြင့်အသုံးပြုရန်လည်း လိုအပ်ပါတယ်။ ကလေးသူငယ်တွေရဲ့ ရှေးဦးပညာ သင်ကြားမှုညွှန်းတမ်းဟာ ကလေးများရဲ့အသက်အရွယ်၊ သဘာဝနှင့်ကိုက်ညီမှု၊ လက်ရှိအစိုးရပြောင်းလဲနေတဲ့ ပညာရေးစနစ်၊ မူကြိုပညာရေးကို အထောက်အပံ့ အဆက်စပ်ရှိနေဖို့ လိုအပ်ပါတယ်။

ဒါကြောင့် တိုင်းပြည်တည်ဆောက်ရာတွင် အဓိကလိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်က ဦးမျိုးနိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး

ခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ ၂၀၂၁ ခုနှစ် ပညာရေးမဟာဗျူဟာစီမံကိန်းရဲ့ ရည်မှန်းချက်ပန်းတိုင်မှာပါရှိတဲ့ ကျောင်းများနှင့်ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကိုဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု သက်မွေးပညာနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့်ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရမည်လို့ပါရှိပါတယ်။ ဒါ့အပြင် မဟာဗျူဟာမြောက်အပြောင်းအလဲ ကိုးရပ်ထဲမှာလည်း ပထမဦးဆုံးဖြစ်တဲ့ မူကြိုနှင့်သူငယ်တန်းပညာရေးကဏ္ဍမှာ ကလေးသူငယ်တိုင်း အရည်အသွေးရှိ မူကြိုနှင့်သူငယ်တန်း၊ KG ပညာသင်ကြားခွင့်ရရှိခြင်းဖြင့် ၎င်းတို့ရဲ့ လေ့လာသင်ယူမှုလမ်းကြောင်းတစ်လျှောက်လုံးအတွက် အစကောင်းစေမည်လို့ ဆိုထားပါတယ်။ အဲဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ အဓိကကျသူများကတော့ စွမ်းရည်ပြည့်ဝပြီး ကြင်နာမှုတရားရှိတဲ့ ဆရာဆရာမတွေဖြစ်ဖို့ လိုအပ်တယ်ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ လက်ဦးဆရာ မိနဲ့ဖဆိုတဲ့စကားရှိသလို ကလေးသူငယ်တွေရဲ့ သင်ကြားတတ်မြောက်နိုင်စွမ်း စွမ်းဆောင်ပေးနိုင်တဲ့ လက်ဦးဆရာဟာ မူကြိုအရွယ်ကလေးသူငယ်တွေရဲ့ ဆရာတွေသာဖြစ်တယ်လို့ ဆိုလိုချင်ပါတယ်။ ဒါပေမဲ့ မူကြိုအရွယ်ကလေးသူငယ်များအတွက် အမျိုးသားအဆင့်စံသတ်မှတ်ထားတဲ့ သင်တန်းကျောင်းများမရှိခြင်း၊ မူကြိုဆရာမများရဲ့လစာ၊ ပညာအရည်အချင်းနိမ့်ပါးခြင်းတို့ကလည်း မူကြိုဆရာမများရဲ့ သင်ကြားရေးအရည်အသွေးကို ထိခိုက်စေပါတယ်။ ဒါ့အပြင် မူကြိုဆရာမများအပါအဝင် စီမံခန့်ခွဲသူဝန်ထမ်းများအတွက် စနစ်ကျပြီး ပုံမှန်စဉ်ဆက်မပြတ်ပြုလုပ်ပေးရမယ့် လုပ်ငန်းခွင်သင်တန်းအနည်းငယ်သာရှိတယ်လို့ သိရတဲ့အတွက်လည်း ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။ နောက်ပြီး မူကြိုအခွင့်အလမ်းများနှင့်ပတ်သက်လို့ ယုံကြည်ကိုးစားနိုင်ပြီး အသေးစိတ်ခွဲခြားကောက်ယူထားတဲ့ သတင်းအချက်အလက် (Data Based)များမရှိခြင်းကလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာလေ့လာမှုများမှာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံထားခြင်းဟာ ရေရှည်လူမှုရေးဆိုင်ရာအကျိုးဆက်များရရှိကြောင်း ဖော်ပြထားပါတယ်။ ဆင်းရဲမှုလျော့ကျခြင်း၊ ရပ်ရွာကျန်းမာရေးတိုးတက်ကောင်းမွန်လာခြင်း၊ ပြစ်မှုများ လျော့ကျနိုင်ခြင်း၊ လူမှုရေးကုန်ကျစရိတ်များလျော့ကျခြင်း၊ စီးပွားရေးဆိုင်ရာထုတ်လုပ်နိုင်စွမ်းနှင့် ပြိုင်ဆိုင်နိုင်စွမ်းတိုးတက်မြင့်မားလာခြင်း၊ နိုင်ငံတော်ရဲ့နှစ်စဉ်အခွန်ငွေတိုးမြင့်လာခြင်းစတဲ့ ရေရှည်အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမယ်လို့ဆိုပါတယ်။ ၎င်းအပြင် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ လိုက်လျောညီထွေမှုရှိတဲ့ မူကြို

လုပ်ငန်းတွေမှာဆိုရင် တိုင်းရင်းသားမျိုးနွယ်စုတွေအကြား ငြိမ်းချမ်းစွာဆက်ဆံရေးရရှိစေတယ်လို့ ဖော်ပြထားပါတယ်။ ထို့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး မူကြိုဝန်ဆောင်မှုပေးနေသူများရဲ့ အရည်အသွေးကို စနစ်တကျစစ်ဆေးအကဲဖြတ်ဖို့ လိုအပ်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။ အခု Power Point မှာတင်ပြထားတဲ့စာဟာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်မှာသင်ကြားနေတဲ့ မူကြိုဆရာဆရာမများရဲ့ တင်ပြစာဖြစ်ပါတယ်။ အဲဒီ ဆရာမများဟာ UNICEF က ဖွင့်လှစ်ထားတဲ့ Early Childhood Development သင်တန်းဆင်းဆရာမများ ဖြစ်ပါတယ်။ အခုအချိန်မှာ UNICEF ရဲ့အထောက်အပံ့မရရှိတဲ့အတွက် ကလေးသူငယ်များဆီကနေ ကောက်ခံရရှိငွေနဲ့ ဘဝကိုရုန်းကန်နေကြတာ ဖြစ်ပါတယ်။ ဒါဟာလည်း မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီဆရာဆရာမတွေဟာလည်း အသက်အရွယ်အားဖြင့် ၃၅ နှစ်ကျော်အရွယ်ဖြစ်နေတာမို့ ပညာရေးဝန်ကြီးဌာနရဲ့မူဘောင်အတိုင်း အမြဲတမ်းဝန်ထမ်းခန့်အပ်ဖို့ အခက်အခဲဖြစ်နေပါတယ်။ အဲဒီလို လုပ်သက်နှင့်အရည်အချင်းရှိတဲ့ ဆရာတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ပညာရေးဝန်ကြီးဌာနကဖြစ်စေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဖြစ်စေ ခန့်အပ်တာဝန်ပေးမယ်ဆိုပါက အခုလိုမူကြိုပညာရေးအတွက် လိုအပ်နေတဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးရာရောက်သလို ကလေးသူငယ်များရဲ့ ပညာအရည်အသွေးကိုလည်း မြှင့်တင်ပေးရာရောက်စေပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွက် အနစ်အနာခံဆောင်ရွက်ပေးနေတဲ့ ဆရာဆရာမများကို ချီးမြှောက်ပေးရာလည်း ရောက်တဲ့အတွက် ဆရာဆရာမများရဲ့ဘဝလည်း မြင့်မားလာမယ်လို့မျှော်လင့်ပါတယ်။

သို့ဖြစ်ပါသောကြောင့် တိုင်းပြည်ရဲ့အနာဂတ်အတွက် အကောင်းဆုံးအရင်းအနှီး စိုက်ထုတ်ရမယ့် မူကြိုပညာရေးနဲ့ပတ်သက်တဲ့အဆိုဖြစ်တဲ့ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းတဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ရဲ့ ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး တင်သွင်းသည့် အဆိုအပေါ် ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရာအတွက်လိုအပ်ပြီး မြင်သာထင်သာအခြေခံအဆောက်အဦများ တည်ဆောက်ခြင်းအပြင် ရုတ်တရက်မြင်နိုင်ခြင်းမရှိသော်လည်း များစွာအကျိုးထိရောက်သည့် မူကြိုအရွယ်ကလေးများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုအတွက် ထိရောက်သည့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အရေးတကြီးလိုအပ်နေသည့်အတွက် အဆိုတင်ရခြင်းဖြစ်တယ်လို့ အဆိုရှင်ကပြောပါတယ်။ မှန်ပါတယ်။ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များ ပြည့်စုံကောင်းမွန်စွာ ဖွံ့ဖြိုးနိုင်စွမ်းအပေါ်တည်မှီလျက်ရှိသောကြောင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ်များမှ အစပြုရပါမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အောင်မြင်စွာလုပ်ဆောင်နိုင်ရမှာ အခြေခံလူမှုရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအပေါ် များစွာတည်မှီလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးသူထက်ဝက်ကျော်သည် ကလေးသူငယ်များဖြစ်ပြီး အသက်ငါးနှစ်အောက်ကလေးငယ် အယောက် ၁၀၀ မှ ၁၅၀ ကြား နှစ်စဉ်သေဆုံးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ အသက်တစ်နှစ်အောက်ကလေးငယ် ၁၀ ယောက်တွင် ခြောက်ယောက်သာ ကာကွယ်ဆေးကို အပြည့်အဝအချိန်နှင့်တစ်ပြေးညီရရှိကြသည်ကို လေ့လာတွေ့ရှိရပါတယ်။ ကလေးသုံးယောက်တွင် တစ်ယောက်သည် အစာအာဟာရမပြည့်ဝခြင်းကြောင့် ကာယနှင့်ဉာဏစွမ်းရည် နိမ့်ပါးခြင်းကြောင့် ပုညက်နေသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ကလေးငယ် ၃၀ ရာခိုင်နှုန်းသည် သန့်ရှင်းစိတ်ချရသော သောက်သုံးရေအရင်းအမြစ်များ ရရှိသုံးစွဲနိုင်ခြင်းမရှိသေးကြောင်းနှင့် ၂၀ ရာခိုင်နှုန်းသည် ကောင်းမွန်သည့်အိမ်သာ အသုံးမပြုနိုင်သေးသည်ကို တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံရဲ့လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၃.၆ သန်းသော ကလေးများသည် ကျောင်းပြင်ပရောက်နေကြပြီး ကျောင်းနေအရွယ်ကလေးငယ်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းနီးပါးရှိနေသည်ကို တွေ့ရှိရပြီး အသက်ငါးနှစ်မှ ၁၇ နှစ်ကြားကလေးငယ်များ ၁.၂ သန်းကျော်သည်

တစ်ပတ်လျှင် ၅၂ နာရီခန့် အလုပ်လုပ်နေရကြောင်း တွေ့ရှိရပါတယ်။ ကလေးသူငယ်ဘဝ အစောပိုင်းကာလများတွင် အထူးသဖြင့် ပထမရက် ၁၀၀၀ တွင် ကလေးငယ်များသည် ဦးနှောက်အကောင်းဆုံးဖွံ့ဖြိုး၍ ဘဝအတွက်အခြေခံကောင်းများ တည်ဆောက်နိုင်ရန် အာဟာရလုပ်ဆောင်မှု ကာကွယ်ပေးမှုနှင့် ချစ်ခင်ကြင်နာမှုတို့လိုအပ်ပါကြောင်း ဤအချိန်ကာလအတွင်း ကလေးသူငယ်များကျန်းမာဖွံ့ဖြိုးကြီးထွားနိုင်ရန် ကောင်းမွန်ပြည့်စုံသော ပြုစုစောင့်ရှောက်မှုဆိုရာတွင် ကျန်းမာရေးအာဟာရကောင်းမွန်သောလုပ်ဆောင်မှု အန္တရာယ်ကင်းရှင်းဖို့ လုံခြုံမှုနှင့် စောစီးစွာသင်ယူမှုတို့ကိုဆိုလိုပြီး လုပ်ဆောင်မှုများကို ကလေးများ၏တုံ့ပြန်မှုအကောင်းဆုံးသည် အစောပိုင်းကာလပင်ဖြစ်သည်ဟု UNICEF Myanmar ရဲ့ ဌာနေကိုယ်စားလှယ် Bertrand Bainvel ၏ အမှာစကားတွင်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဒီကလေးတွေကတော့ ကျွန်တော်တို့မူကြိုကျောင်းမရှိဘဲနဲ့ မရှိတဲ့နေရာမှာ ရောက်ရှိနေတဲ့ ကလေးတွေဖြစ်ပါတယ်။ အခွင့်အရေးတွေလည်း ဆုံးရှုံးနေကြတဲ့ကလေးတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်တွင် ကလေးပြုစုရေးဌာနငါးခု၊ မူကြိုမူလတန်းကြိုကျောင်း ၁၂၄ ကျောင်း၊ သင်ပေးမှုမရှိသော ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်း ၇၂၀ ကျောင်းသာရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသည်ကို တွေ့ရှိရပါတယ်။ မွေးကင်းစမှ အသက်ငါးနှစ် ကလေးသူငယ်များအတွက် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာများအစီအစဉ်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူပေါင်းရေးဆွဲ၍ ဝန်ဆောင်မှုများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး အထူးသဖြင့် ဝေးလံခက်ခဲပြီးဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ဒေသများတွင် နေထိုင်သည့်ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် မူကြိုအဆောက်အအုံများ၊ ကလေးနှင့်သင့်တော်သည့် ပရိဘောဂများ၊ ကစားစရာများ၊ ရေကောင်းရေသန့်များ၊ အစာအာဟာရများ၊ ကောင်းမွန်သည့်ဆရာဆရာမများနှင့်သင့်လျော်သည့် ဘတ်ဂျက်ရန်ပုံငွေပံ့ပိုးမှုများ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုရပါတယ်။ သို့ဖြစ်ပါ၍ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်ကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကလေးများကိုရှင်သန်ရုံသာမက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့် ငွေးမူဝါဒကဏ္ဍပေါင်းစုံပါဝင်သောဝန်ဆောင်မှုများ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် မည်သည့်ကလေး တစ်ဦး

တစ်ယောက်မျှမကျန်ရစ်အောင် ကာကွယ်စောင့်ရှောက်ဆောင်ရွက်ကြရပါမည်ဖြစ်ပါကြောင်း ဆွေးနွေးရင်း အဆိုအားထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၏အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းမှုကို ကိုယ်စားလှယ်တစ်ဦးကလည်း ထောက်ခံတင်ပြသွားပါတယ်။ ဒီနေ့မှာဆိုရင်လည်း လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကလည်း ဆွေးနွေးသွားခဲ့တဲ့အတွက် အသက်သုံးနှစ်မှ ငါးနှစ်အရွယ်အတွင်းရှိကလေးများရဲ့မူလတန်းကြိုကျောင်းများမှာ စွမ်းရည်ပြည့်ဝသော ဆရာဆရာမများက မှန်ကန်သော ကလေးပြုစုပျိုးထောင်ရေးနည်းလမ်းများနှင့် ပြုစုပျိုးထောင်သွားဖို့နှင့် ယခုကဲ့သို့ပြုစုပျိုးထောင်ပေးခြင်းဟာ ကလေးများအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်ပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်ရာမှာလည်း ဘဏ္ဍာရန်ပုံငွေဘက်ကလည်း ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ဆွေးနွေးသွားတာ၊ ထောက်ပြသွားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအတွက်

ကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ဦးတည်ရည်မှန်းချက်များနှင့်အညီ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန်နှင့် အချိန်အနည်းငယ်တိုးမြှင့်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ရှေးဦးအရွယ်ကလေးသူငယ်များအဖြစ် သတ်မှတ်ထားတဲ့ မွေးစမှ အသက်ရှစ်နှစ်အရွယ်ကလေးငယ်များအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒနှင့် ဥပဒေကို ၂၀၁၄ ခုနှစ်မှာလည်းကောင်း၊ နည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ နေပြည်တော်မှာကျင်းပခဲ့တဲ့ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာ(၂၀၁၈-၂၀၂၂)မိတ်ဆက်ဖြန့်ချိခြင်းနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားမှာ မိမိတို့နိုင်ငံရဲ့အရေးကြီးဆုံး၊ တန်ဖိုးအရှိဆုံးအရင်းအမြစ်မှာ လူသားအရင်းအမြစ်များ ဖြစ်ပါကြောင်း၊ တကယ့်တန်ဖိုးအရှိဆုံးအရင်းအမြစ်ဖြစ်တဲ့ မိမိတို့လူသားများရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးရှိရေးကို ဦးတည်ရန်လိုပါကြောင်း၊ ထိုသို့ဦးတည်လျှင် ကလေးများ၊ မိခင်ဝမ်းထဲတွင်ရှိနေသည့်အချိန်ကစပြီး မိခင်များကို ပညာပေးခြင်း၊ ကျန်းမာရေးကို ဂရုစိုက်ပေးခြင်း၊ ကလေးသူငယ်များရဲ့ပထမဦးဆုံး ၂၄ လ နှစ်နှစ်အရွယ်အထိ ဖွံ့ဖြိုးတိုးတက်မှုမှန်ကန်ရန်၊ အာဟာရပြည့်ဝရန် မည်မျှအရေးကြီးသည်ကို သိအောင် ပညာပေးခြင်းအားဖြင့် လူသားအရင်းအမြစ်များကို စတင်ပြီးစောင့်ရှောက်ထားရမည်၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ထားရမယ်လို့ မှာကြားထားရှိခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံရဲ့ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးဆိုင်ရာအဆင့်မြင့်ဖိုရမ်မှာ လမ်းညွှန်ချက်(၅)ချက် ပြောကြားခဲ့ရာမှာလည်း နိုင်ငံတိုင်းရဲ့အနာဂတ်အတွက် ကလေးသူငယ်များ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်၊ ဉာဏ်သွေးပြည့်မီရေးအလေးပေးဆောင်ရွက်ဖို့ အများကြီးလိုအပ်ကြောင်း၊ ကလေးသူငယ်တွေရဲ့ဘဝအစဖွံ့ဖြိုးမှုကိုဆောင်ရွက်ခြင်းဟာ နိုင်ငံတော်အတွက် အရေးကြီးဆုံး၊ တန်ဖိုးအရှိဆုံးအရင်းအမြစ်ဖြစ်တဲ့ လူသားအရင်းအမြစ်ကို ကောင်းစွာတန်ဖိုးရှိအောင်နဲ့ ဖွံ့ဖြိုးတိုးတက်အောင်ပြုစုပျိုးထောင်ပေးရာရောက်

ကြောင်း၊ တစ်နည်းအားဖြင့် ဒီလိုဆောင်ရွက်မှုတွေဟာ သုံးဖြုန်းတာမျိုးမဟုတ်ဘဲ အနာဂတ်အတွက် မဟာဗျူဟာကျကျရင်းနှီးမြှုပ်နှံခြင်းပဲ ဖြစ်ကြောင်း၊ အနာဂတ်ကို ဆက်လက်ထုထစ်ပုံဖော်ကြမယ့် ယနေ့ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးဟာ အလွန်အရေးကြီးတာမို့ မြန်မာ့ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာပါလုပ်ငန်းစဉ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့အတွက် မိဘများ၊ ဆရာဆရာမများသာမက သက်ဆိုင်ရာဌာနစုံများက လည်း ပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲ့လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသား အဆင့်မဟာဗျူဟာစီမံချက်အရ လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များပြည့်မီပြီး ဦးနှောက်နှင့်ခန္ဓာကိုယ်ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့က မွေးဖွားလာတဲ့အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို တစ်ဦးလျှင် တစ်လ ကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှာ ထောက်ပံ့လျက်ရှိပြီး ရှမ်း ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ လာမယ့်ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကမ္ဘာ့ဘဏ်ရဲ့ချေးငွေနဲ့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ပူးပေါင်းထောက်ပံ့ရန်စီစဉ်လျက်ရှိပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ် များတွင်လည်း ကျန်ရှိသောတိုင်းဒေသကြီး၊ ပြည်နယ်များမှာလည်း အဆင့်ဆင့်ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်သွားဖို့နဲ့ အကျိုးခံစားခွင့်ရရှိသူများထံ အလျင်အမြန်ရောက်ရှိစေရေး၊ အီလက် ထရောနစ်ငွေပေးချေစနစ်(Electronic Card Transfer System)ဖြင့် လွှဲပြောင်းပေးနိုင်ရေးလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဦးစီးဌာနပိုင်မူလတန်းကြိုကျောင်း ၁၂၄ ကျောင်းမှာ နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေမှ ကလေးတစ်ဦး တစ်နေ့လျှင် ၃၅၀ ကျပ်နှုန်းဖြင့် နေ့လယ်စာနှင့် ဖြည့်စွက်စာအာဟာရများကို ကျွေးမွေးမှုဇယားရေးဆွဲပြီး ကျွေးမွေးလျက်ရှိရာ လာမယ့် ဘဏ္ဍာရေးနှစ်မှာ သင့်တော်သောနှုန်းထားဖြင့် တိုးမြှင့်ကျွေးမွေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါ တယ်။ တင်ပြပါပုံကတော့ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ကလေးပြုစုရေးဌာနနှင့် မူလတန်း ကြိုကျောင်းများမှာ ကလေးများကို အာဟာရဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးတွင် မူလတန်းကြိုကျောင်းများရှိသော မြို့နယ် ၉၆ မြို့နယ်၊ မူလတန်းကြိုကျောင်းမရှိ သောမြို့နယ် ၂၃၄ မြို့နယ်ရှိတဲ့အတွက် နှစ်စဉ်စီမံကိန်းမှာ တစ်မြို့နယ်မှာ စံပြမူလတန်းကြို

တစ်ကျောင်းနှုန်းဖြင့် မူလတန်းကြိုကျောင်း ၃၀ ကျောင်းနှုန်းဖွင့်လှစ်နိုင်ရေး လျာထားသော်လည်း ယခု ဘဏ္ဍာရေးနှစ်မှာ ခုနစ်ကျောင်းသာ ဖွင့်လှစ်ခွင့်ရရှိတဲ့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ တင်ပြပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးစီးဌာန ခွင့်ပြုမိန့်ရရှိထားသော ရပ်ရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၀၂၅ ကျောင်းရှိ တာဝန်ခံနှင့် စာသင်ဆရာမများ လစာငွေဖြင့် တစ်ကျောင်းကို တစ်နှစ်လျှင် ကျပ်ခြောက်သိန်း၊ သင်ထောက်ကူ ပစ္စည်းဝယ်ယူရန်အတွက် တစ်နှစ်လျှင်ကျပ်တစ်သိန်း စုစုပေါင်းကျပ်ခုနစ်သိန်းဖြင့် နှစ်စဉ်ထောက်ပံ့ ပေးလျက်ရှိပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ခံနှင့် စာသင်ဆရာမများရဲ့လစာငွေနဲ့ ကျောင်းပြင်ဆင်စရိတ်နှင့် ကျွေးမွေးမှုတို့ကို သင့်တော်သောနှုန်းထားသတ်မှတ်၍ ဘဏ္ဍာရေးစည်းမျဉ်း များနှင့်အညီ တောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မူကြိုပညာရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် မိခင်ဝိုင်းပေါင်း ၆၁၆ ဝိုင်းကို ဖွင့်လှစ်ပေးခဲ့ပြီး အာဟာရထောက်ပံ့ငွေဖြင့် ကလေးတစ်ဦး တစ်နေ့လျှင် ၃၅၀ ကျပ်နှုန်းနဲ့ မိခင်ဝိုင်းခေါင်းဆောင်တစ်ဦးကို တစ်လလျှင် ၃၀၀၀၀ ကျပ်နှုန်းနဲ့ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပထမအဆင့်စီမံချက်အရ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် နှစ်စဉ်မိခင်ဝိုင်း ၁၀၀၀ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလျာထားဆောင်ရွက်လျက် ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနဟာ ၁၉၅၃ ခုနှစ်မှစတင်ပြီး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြို ကျောင်းများကို ဖွင့်လှစ်ပြီး မူကြိုအရွယ်ကလေးသူငယ်များကို ပြုစုပျိုးထောင်ပေးခဲ့ရာ အသက်သုံးနှစ် မှ ငါးနှစ်အရွယ်ကလေးများအတွက် မူကြိုသင်ရိုးညွှန်းတမ်းများကို ခေတ်ကာလအလိုက် ပြုစုပြဋ္ဌာန်း ခဲ့ရာမှာ တစ်နိုင်ငံလုံးရှိ မူလတန်းကြိုကျောင်းများအား တစ်ပြေးညီဖြစ်စေရန် ၂၀၀၉ ခုနှစ်တွင် သုံးနှစ် မှ ငါးနှစ်အရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးဆရာလမ်းညွှန်နှင့် ၂၀၀၇ ခုနှစ်တွင် သုံးနှစ်မပြည့်မီ ကလေးများပြုစုပျိုးထောင်ရေးလမ်းညွှန်စာအုပ်တို့ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

ဒါ့အပြင် လူမှုဝန်ထမ်း ဦးစီးဌာနက စင်ကာပူနိုင်ငံ Singapore International Foundation (SIF)အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များရဲ့နည်းပညာပံ့ပိုးမှုဖြင့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ လုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲတဲ့ မူကြိုဆရာမများ အတွက် အရင်းအမြစ်စာအုပ်ကို ၂၀၁၅ ခုနှစ်မှာ ဖြန့်ဝေနိုင်ခဲ့ပါတယ်။ မူကြိုလုပ်ငန်းပံ့ပိုးသူများ အတွက် အဆင့်ဆင့်ကြီးကြပ်နိုင်ရန် အရည်အသွေးပြည့်မီသောအခြေခံအညွှန်းကိန်းလက္ခဏာများ စာအုပ်နှင့် အသက်သုံးနှစ်မှ ငါးနှစ်ကလေးများအတွက် မူကြိုကျောင်းဝန်ဆောင်မှုအညွှန်းကိန်းများ

စာအုပ်တို့ကို UNICEF နှင့်ပူးပေါင်း၍ ထုတ်ဝေပေးနိုင်ခဲ့ပြီး အသက်ခြောက်လမှ သုံးနှစ်ကလေးများအတွက် နေ့ကလေးထိန်းကျောင်းဌာနဝန်ဆောင်မှုအညွှန်ကိန်းများကိုလည်း ဆက်လက်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကလေးများအား ပြုစုပျိုးထောင်ရေးနည်းစနစ်များအနေဖြင့် ကလေးကိုဗဟိုပြုတဲ့ ကလေးကိုယ်တိုင်ပါဝင်စေသော သင်ယူမှုနည်းစနစ်ကို အခြေခံပြီး စိတ်ချလုံခြုံမှုရှိတဲ့ ပတ်ဝန်းကျင်မှာ စူးစမ်းလေ့လာဖို့အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သင်ယူရန်နေရာများ ဖန်တီးပေးခြင်း၊ ကလေးများရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကစားခြင်းနည်းလမ်းဖြင့် တေးဂီတ၊ အခြေခံပန်းချီ၊ လက်မှုပညာများပြုလုပ်ပေးခြင်းတို့ကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကမူလတန်းလွန်ကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ဖွင့်လှစ်လျက်ရှိတဲ့ မူလတန်းကြိုကျောင်းများကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းသင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပင်မအထောက်အကူပြုဗဟိုဌာန(ရန်ကုန်)မှာ အသက်ခြောက်လမှ သုံးနှစ်အရွယ်နှင့် အသက်သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံတစ်လသင်တန်း၊ မွမ်းမံငါးရက်သင်တန်းတို့ကို ဌာနပိုင်မူကြိုဆရာမများနှင့် ကိုယ့်အားကိုယ်ကိုးမူကြိုဆရာမများကို ဌာနဘတ်ဂျက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ပြင်ပမှ မူကြိုဆရာမများနှင့် ကလေးပြုစုစောင့်ရှောက်သူများကို အခပေးသင်တန်းဖြင့်လည်းကောင်း ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် လူမှုဝန်ထမ်းရုံးများမှာလည်း ဘတ်ဂျက်သင်တန်းများနှင့် အခပေးသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ယခုအခါမှာ သင်တန်းများကို အခြေခံတစ်လသင်တန်းဖွင့်လှစ်နေရာကနေပြီးတော့မှ သုံးလသင်တန်းဖြင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက်ကို သင်ရိုးညွှန်းတမ်းများကိုလည်း ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင်မူကြိုပညာရပ်များ ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာရောက်ရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိဘအသိပညာပေးခြင်းအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုမှာပါရှိတဲ့ကလေးများကို တန်းစီအိပ်ခိုင်း၊ ငြိမ်အောင်သာထိန်းကျောင်းသော လွဲမှားသောပြုစုပျိုးထောင်ခြင်းများရှိနေပါတယ်ဆိုတဲ့ကိစ္စနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြဌာန်းထားသောသင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားလေ့ကျင့်ပေးထားတဲ့ ဆရာမများကိုယ်တိုင်မှန်ကန်သောကလေးပြုစုပျိုးထောင်ရေးနည်းစနစ်များနှင့်

အညီ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးရှိ ကလေးများအတွက် မူလတန်းကြို ကျောင်းတက်ရောက်မှုလွှမ်းခြုံနိုင်ရေးနှင့် ပြည်သူလူထုအတွင်း ကလေးပြုစုပျိုးထောင်ရေးနည်းစနစ်များ ကျယ်ပြန့်စွာရောက်ရှိနိုင်ရေးအတွက်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့မှ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြချက်ထဲမှာလည်း ပါပါတယ်။ လက်တွေ့ဘဝနှင့်ဆန္ဒထင်ဟပ်မှုရှိဖို့အတွက်ကလည်း အများကြီးပဲလိုအပ်ပါတယ်။ အဲဒီအတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့အားကိုလည်း ကျွန်တော်တို့အများကြီးအားကိုးပါတယ်။ ဒီအတွက်ကိုလည်း ပူးပေါင်းဆောင်ရွက်ပေးနေကြတာ ရှိပါတယ်။ ဒီထက်ပိုပြီးတော့မှလည်း ကျွန်တော်တို့အပေါ်မှာ ကူညီဆောင်ရွက်ပေးနိုင်ဖို့လို့ တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ အသက် သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများရဲ့မူကြိုပညာရေးအတွက် လွဲမှားသောပြုစုပျိုးထောင်ခြင်းများ မရှိစေရေး၊ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် အသိပညာပေးခြင်း၊ ဥပဒေနှင့် နည်းဥပဒေအရ ထိရောက်စွာကြီးကြပ်ခြင်းတို့အပြင် ကလေးများရဲ့မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခြင်းနှင့် မူကြိုကျောင်းများတွင် အာဟာရ ကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက်အရေးကြီးဆုံး၊ တန်ဖိုးအရှိဆုံးအရင်းအမြစ်ဖြစ်တဲ့ လူသားအရင်းအမြစ်ကလေးသူငယ်များကို ကောင်းစွာတန်ဖိုးရှိအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာ ရောက်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း တင်ပြပါအတိုင်း ဦးစားပေးလုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး၏အဆိုတင်သွင်းမှုကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုထောက်ခံပါကြောင်းနှင့် အဆိုအားအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်အေးမြမြမျိုး (ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မရဲ့အဆိုကို ဆွေးနွေးခွင့်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ထောက်ခံဆွေးနွေးပေးကြသော လွှတ်တော်ကိုယ်စားလှယ်တွေကော ပြည့်စုံစွာပြန်လည်ရှင်းလင်းပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မ ဒီနေရာကနေပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဝန်ထမ်းများအားလုံးကိုလည်း

ကျေးဇူးတင်စကားပြောလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်မှာ ဖွင့်တဲ့မူကြိုကျောင်းတွေက အင်မတန်မှ တိုးတက်ပါတယ်။ ဒီနှစ်ပိုင်းထဲမှာ ကျွန်မ ဒါကိုစဉ်ဆက်မပြတ် လေ့လာခဲ့ပါတယ်။ ဒါပေမဲ့ လွဲမှားတဲ့ အပြုအမူတွေဟာ ရပ်ရွာအတွင်းမှာရှိတဲ့ ကိုယ်ထူကိုယ်ထ ကျောင်းလေးတွေ၊ ကျေးရွာလေးတွေမှာ မြို့နှင့်အလှမ်းဝေးတဲ့နေရာမှာ ရှေးဦးသူငယ်ပြုစုစောင့်ရှောက်ရေး ပညာရပ်ကို မသင်ကြားရဘဲနဲ့ ဆရာမလေးတွေဟာ အနည်းဆုံးအခကြေးငွေ ၄၈၀၀ လောက်နဲ့ နိုင်ငံတော်က အနည်းဆုံးသတ်မှတ်ထားတဲ့ အခကြေးငွေတောင်မရဘဲနဲ့ သင်ကြားပေးနေရတဲ့ နေရာမှာရှိတဲ့ လိုအပ်ချက်ကြောင့် ကျွန်မ ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စနစ်တကျသင်ကြားခဲ့တဲ့ ဆရာမတွေ အပါအဝင် ကျွန်မတို့ကလေးတွေကို အခကြေးငွေလုပ်အားလခကို အဓိကမထားဘဲနဲ့ စေတနာအပြည့်ဖြင့် သင်ကြားပေးတဲ့ ဆရာ၊ ဆရာမများအားလုံးကို ကျွန်မဒီနေရာကနေ ကျေးဇူးအများကြီးတင်ပါတယ်။ ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ခေတ်ရဲ့ပြောင်းလဲတဲ့ လိုအပ်ချက်အရ ကျွန်မတို့မိဘတွေဟာ အလုပ်လုပ်ကြရပါတယ်။ အရင်ခေတ်ကလို ကျွန်မတို့ကလေးတွေဟာ မိဘရင်ခွင်ထဲမှာ ပြုစုစောင့်ရှောက်ခံရတဲ့ အခြေအနေမျိုးမဟုတ်ဘဲနဲ့ မူကြိုကျောင်းတွေရဲ့လိုအပ်ချက်က ပိုများလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လက်ရှိဖွင့်ပေးနေတဲ့ ကျောင်းတွေကဲ့သို့ပဲ ကလေးရှိတဲ့နေရာ၊ ကလေးတွေလိုအပ်တဲ့နေရာမှာ ကျွန်မတို့ တိုးချဲ့ဖွင့်လှစ်ပေးစေလိုတာဖြစ်ပါတယ်။ ဒီအတွက်အားလုံးဝိုင်းပြီး ထောက်ခံပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မတို့ဟာ မိဘတွေ စိတ်အေးလက်အေး အလုပ်ခွင်မှာဝင်ပြီးတော့ ကလေးတွေ လုံခြုံတဲ့နေရာမှာ ရောက်နေတာကလဲ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရဲ့ထုတ်ကုန်လုပ်အားတွေရရေးကိုလည်း အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို အတည်ပြုပေးဖို့အတွက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ (၂၅.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung | Daw Nan Htwe Thu




U Kyaw Tin | U Thein Swe




U Thar Oo | U Khin Cho




U Thar Oo | U Nyunt Win




U Thar Oo | U Myint Lwin




U Thar Oo | Dr Hla Moe

pyithu.hluttaw.mm



U Thar Oo



U Ar Moe Se

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်